ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 July 2024 ၁၁၅၃၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငဖဲမြို့နယ် တောင်ပေါ်ဒေသ လင်းတဲကျေးရွာတွင် ဝဥစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

ငဖဲ ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် တောင်ပေါ်ဒေသ လင်းတဲကျေးရွာတွင် နှစ်ရှည်သီးနှံပင်များနှင့်အတူ ဈေးကွက်ဝင် ဝဥပင်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိရာ ဝဥစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ်ပုံမှန်မိသားစုဝင်ငွေရရှိနေကြောင်း ဝဥသီးနှံစိုက်ပျိုးရောင်းချသူ တောင်သူ ဒေါ်နီလာထံမှ သိရသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂



ငဖဲမြို့နယ် တောင်ပေါ်ဒေသ လင်းတဲကျေးရွာတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝဥပင်များကို တွေ့ရစဉ်။



# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးစပါးဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဧက ၇၅၄၀ စိုက်ပျိုးပြီးဖြစ်**

"ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးဖို့ ၃၄၀၉၇ ဧကလျာထားပြီး ယနေ့အထိ ဧက ၇၅၄၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒီနှစ် မိုးရွာသွန်းမှုနည်းတော့ တောင်သူတွေ ချောင်းရေ၊ မြေအောက်ရေတင်ပြီး နည်းလမ်းမျိုးစုံနဲ့ ပျိုးထောင်၊ စိုက်ပျိုးကြပါတယ်။ လျာထားချက်ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးနေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ **စာမျက်နှာ ၅ ကော်လံ ၅ သို့** ❖



ကြေးမုံ

# ဒစ်ဂျစ်တယ်ရင့်ကျက်ပြည့်စုံမှုဆီသို့ဦးတည်

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် သတင်းအချက်အလက်နည်းပညာ လွှမ်းခြုံထားသော ဒစ်ဂျစ်တယ် အသိုက်အမြုံများကို တည်ဆောက်ထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ဒစ်ဂျစ်တယ် အသိုက်အမြုံ ဖြစ်ပေါ်လာစေရန်အတွက် e-Government ကို တည်ဆောက်ထားသည်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သည့် ဒစ်ဂျစ်တယ် စီးပွားရေးကို ဖော်ဆောင်နိုင်ရန်အတွက် e-Government သည် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်သည်။

နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို လျင်မြန်လွယ်ကူချောမွေ့စေရန် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်မည်ဖြစ်သည့် e-Government အောင်မြင်အောင် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကအားဖြင့် အစိုးရဌာနများအားလုံး မျှဝေအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့သည့် e-Government Data Center, Myanmar National Portal, One Map Myanmar Geo Portal, Government Cloud, Government e-Mail နှင့် e-ID အစရှိသည့် စီမံကိန်းများသည် အစိုးရ၏ စွမ်းဆောင်နိုင်ရည်နှင့် သတင်းအချက်အလက် လုံခြုံရေးကိုမြှင့်တင်ပေးနိုင်သော ထင်ရှားသည့်သာဓကများ ဖြစ်သည်။

"ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ်အသွင်ကို အောင်မြင်စွာကူးပြောင်းနိုင်သည့် နိုင်ငံများသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသည်ကို အထင်အရှားတွေ့မြင်ရကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ပိုမိုကျယ်ပြန့်ပြီး ပိုမိုလုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဆိုသည့် အချက်ပေါ်တွင် တည်မှီနေကြောင်း၊ ဒစ်ဂျစ်တယ်အစိုးရဆိုသည်မှာ ဒစ်ဂျစ်တယ်စွမ်းရည်နှင့် ဒစ်ဂျစ်တယ်ရင့်ကျက်ပြည့်စုံမှုများဆီကို ဦးတည်ရမည်ဖြစ်ခြင်းကြောင့် ယခင်ဆယ်စုနှစ်များက ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့် e-Government ၏ ပုံရိပ်ကို မြှင့်တင်ပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ICT နည်းပညာများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ကာ ၂၀၀၅ ခုနှစ်တွင် ICT စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယစီမံကိန်းကို ရေးဆွဲခဲ့သည်။ ထို့နောက် e-Government လုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် Myanmar e-Government Master Plan (2016-2020) ကို ဆက်လက်ရေးဆွဲခဲ့သည်။ ရေးဆွဲခဲ့သည့် စီမံကိန်းများတွင်ပါဝင်သည့် e-Government လုပ်ငန်းစဉ်များကို အစိုးရဌာနအဖွဲ့အစည်းအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ချမှတ်ထားသည့်မူဝါဒသစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသစ်များ လျင်မြန်စွာပြောင်းလဲလာမှုတို့နှင့် ကိုက်ညီမှုရှိစေရန်အတွက် ယခင်ရေးဆွဲခဲ့သည်ကို ပြန်လည်ဆန်းစစ်ပြီး စီမံကိန်း ၂၀၃၀ မူကြမ်းကို ရေးဆွဲခဲ့သည်။

လက်ရှိတွင် အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ဝန်ကြီးဌာနအသီးသီး၏ အင်တာနက်စာမျက်နှာများပေါ်မှတစ်ဆင့် ပြည်သူများ လွယ်ကူချောမွေ့စွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအရ ICT ကွန်ရက်များ အချိန်တိုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး မိုဘိုင်းဖုန်းဝန်ဆောင်မှု အသုံးပြုသူ ပြည်သူများ တစ်ရှိန်ထိုးတိုးတက်များပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။ မိုဘိုင်းဆက်သွယ်ရေးကို အသုံးပြုပြီး အစိုးရ၏ ဝန်ဆောင်မှုများကို ပြည်သူများအနေဖြင့် နေရာအနှံ့အပြားမှ ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နည်းပညာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရရှိသကဲ့သို့ တစ်ဖက်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာမြင့်မားလာသည့်အပြင် အစိုးရအဖွဲ့အစည်းများသည်ပင် အန္တရာယ်နှင့်ရင်ဆိုင်လာရသည်။

ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်အုပ်ချုပ်ရေးကို အသွင်ကူးပြောင်းရာတွင် စိန်ခေါ်မှုများစွာရှိသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် မျှော်မှန်းချက်များ ပြည့်မီစေရန်အတွက် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ၊ ပြုပြင်ပြောင်းလဲမှုများကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများဆုံးရှုံးခြင်း စသည်တို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသည်။

e-Government စနစ်ကို အောင်မြင်စွာတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ် စသည့်အရင်းအမြစ်များစွာလိုအပ်သည့်အပြင် စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်ရန်လည်းလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ဒစ်ဂျစ်တယ် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအပေါ် ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှုအန္တရာယ်လျော့ပါးရေးနှင့် ပြည်သူဗဟိုပြု e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာရေးကို မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်ရင့်ကျက်ပြည့်စုံမှုဆီသို့ ဦးတည်ရမည်ဖြစ်ပါကြောင်း။ ။

# ပုဂံခေတ်က 'နှပ်'

**ဒေါက်တာထွန်းတင့်**

ပုဂံခေတ်က ကျောက်စာမင်စာများတွင် 'နှပ်' ကို တွေ့မိပါသည် -

၁။ ယခင်က မြစေတီကျောက်စာဟုခေါ်ပြီး နောင်တွင် ရာဇကုမာရ်ကျောက်စာဟုတွင်သော မြန်မာဘာသာ ကျောက်စာတွင် နှပ်ကို ဦးစွာတွေ့မိပါသည်။ ထိုကျောက်စာသည် သက္ကရာဇ် ၄၇၄ ခုနှစ်ခန့်လောက်က ရေးထိုးသော ကျောက်စာဖြစ်သည်။ ကျောက်စာရေးထိုးသော ကုသိုလ်ရှင်မှာ ရာဇကုမာရ်မင်းသား ဖြစ်သည်။ ကျောက်စာတွင် -

"မိမိကိုမွေးသော မင်းကြီးကျည်ဇာ (ကျေးဇူး) အောက်မိရကား ရွှေအတိသော ဘုရားသခင် အဆင်းပြု၍ နှပ်လေသုရှော (သောအခါ) တည်း ဤသို့မိန့်၏" (ခေတ်စာလုံးပေါင်းပြန်ထားသည်။) [ပုဂံကျောက်စာ လက်ရွေးစင် ရာဇကုမာရ်ကျောက်စာ (က)၊ ကြောင်းရေ ၁၅-၁၈]

၂။ နှပ်ကို တွေ့ရသော ဒုတိယကျောက်စာမှာ ကျစွာမင်းအမိန့်တော်ပြန်တမ်း ကျောက်စာဖြစ်သည်။ ကျစွာမင်းသည် သက္ကရာဇ် ၅၉၇ ခုနှစ်တွင် နန်းတက်ပြီး သက္ကရာဇ် ၆၁၁ ခုနှစ်တွင် နတ်ရွာစံတော်မူပါသည်။ နတ်ရွာမစံမီတွင်ပင် နေပြည်တော်၌ သူခိုးသူဝှက်တို့ ခိုးဆိုးမှုများ ပေါများသည်ကို တွေ့ရသဖြင့် မင်းကြီးက သူခိုးများကို ဆုံးမသော၊ တရားပြသော အမိန့်တော်ကို ထုတ်ပြန်ပါသည်။ အမိန့်တော် ထုတ်ပြန်သောနှစ်ကား သက္ကရာဇ် ၆၁၁ ခုပင် ဖြစ်သည်။ မင်းကြီး နတ်ရွာမစံမီတွင် ဖြစ်သည်။ ကျောက်စာတွင်-

"ငရဲ ပြိတ္တာ အသူရာ တိရစ္ဆာန် အပါယ်လေးပါး သကား၊ သူခိုးအိမ်မည်၏။ သေလျှင် ရောက်တုံတည်း၊ မသေမီလည်း ဖမ်းမိလျှင် သူခိုးဟု မင်နှပ်၏" (ခေတ်စာလုံးပေါင်းပြန်ထားသည်။) [ပုဂံကျောက်စာ လက်ရွေးစင် ကျစွာမင်း အမိန့်တော် ပြန်တမ်း၊ မျက်နှာဘက်၊ ကြောင်းရေ - ၄၂-၄၄]

၃။ တတိယနှပ်ကို တွေ့ရသည်မှာ လောကထိပ်ပန်မင်စာတွင်ဖြစ်သည်။ မဟာနိပါတ၊ တေမိယဇာတ်(မူဂပက္ခဇာတ်) ကြောင်းရေ ၆၀ တွင်-

" ခိုးသူလေးယောက်-နှပ်လှာ ၏"ဟူ၍ ဖြစ်သည်။ (THE LOKAHTEIKPAN, BY Bohmu Bashin)

၄။ စတုတ္ထနှပ်ကိုလည်း လောကထိပ်ပန်မင်စာတွင်ပင် တွေ့ရသည်။ မဟာနိပါတ၊ ဘူရိဒတ်ဇာတ်ကြောင်းရေ ၁၁၃ တွင် -

" လိပ်ကို နဂါးတစ်ယောက်သွေး၍ နဂါးမင်းနှပ်၏။"ဟူ၍ ဖြစ်သည်။ (THE LOKAHTEIKPAN, By Bohmu BaShin)

ဤတွင် ပုဂံခေတ်က နှပ်၏အဓိပ္ပာယ်သိရန်လိုအပ်ပါသည်။ စကားတစ်လုံး၏ အဓိပ္ပာယ်သိရန် ထိုစကား၏အသုံးများကို သိရန်မှာ ပဓာနကျသည်ဟု ဆိုရမည်။ ယခုနှပ်၏အဓိပ္ပာယ်ကို သိရန်အတွက် နှပ်အသုံးများကို ရှာဖွေရာ နှပ်အသုံး လေးလုံးကို လေးနေရာ၌ တွေ့ရပေပြီ။ နှပ်၏ အဓိပ္ပာယ်မှာ ပေးအပ်၊ ဆက်သ ဟူသောအနက်ဖြစ်ကြောင်း လေးနေရာရှိ နှပ်များက ထွန်းပြနေကြသည်။

အကယ်စင်စစ် နှပ်၏အနက်ကို သိရန်မှာ အလွန်ရှင်းလင်းလွယ်ကူပါသည်။ မြန်မာစကား အနက်ဖွင့်စနစ်ကို သိရန်သာ လိုပါသည်။ မြန်မာစကား အနက်ဖွင့်စနစ်အချို့အနက် စနစ်တစ်ခုနှင့် ချိတ်ဆက်မိရုံ မိတ်ဆက်ပေးလိုပါသည်။ ယင်းစနစ်မှာ စုတူသတ်စနစ်ဖြစ်ပါသည်။

စုတူသတ် စနစ်ဆိုသည်မှာ အစုတူသည့် ဗျည်းအက္ခရာအသတ်အချင်းချင်း၊ အပြန်အလှန် အနက်တူသည်ကို အခြေခံ၍ အနက်ဖွင့်ရသော စနစ်ဖြစ်ပါသည်။

အချုပ်ဆိုရသော် -

က သတ် နှင့် င သတ်

စ သတ် နှင့် ဉ လေးသတ် / ည ကြီးသတ်

တ သတ် နှင့် န သတ်

ပ သတ် နှင့် မ သတ် / သေးသေးတင်

တို့ အပြန်အလှန် အနက်တူကြသည်ဟု ဆိုလိုပါသည်။ နှပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ရန်ဖြစ်သဖြင့် ပ သတ်နှင့် မ သတ်/ သေးသေးတင်တို့ အပြန်အလှန် အနက်တူသည်ကိုသာ လိုအပ်သလောက် သာဓကအနည်းငယ်ပြ၍ စဉ်းစားပါမည်။

(ဆက်လက်ဖော်ပြပါမည်)

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ရှမ်း ၊ "ဝ" ၊ ကချင်၊ ကယား၊စကောကရင်၊အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပန အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော် ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနား တက်ရောက်စဉ်။

**ဆောင်ရွက်**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမတွင် ယာယီထားရှိသော ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား လွမ်းသူ့ပန်းခွေချခြင်း၊ ဂါရဝပြုခြင်းနှင့် ဝမ်းနည်းကြောင်း မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Le Huy Vinh (လဲ့ဟွေးဗင့်)နှင့် သီးသန့်တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam ထံ ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် ထပ်မံပေးပို့လိုက်သော ဝမ်းနည်းကြောင်း သဝဏ်လွှာအား ပေးအပ်ခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမ၌ ကျင်းပပြုလုပ်သည့် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါ အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam က ကွယ်လွန်သူ သက်ရှိထင်ရှားရှိစဉ်အတွင်း နိုင်ငံကောင်းကျိုးအတွက် စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့မှုများကို ပြန်ပြောင်းသတိရလျက် ချီးကျူးဂုဏ်ပြုစကား မြွက်ကြားခဲ့သည်။

**လိုက်ပါပို့ဆောင်**

ထို့နောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့်သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား မီးသင်္ဂြိုဟ်မည့်နေရာသို့ လိုက်ပါပို့ဆောင်ခဲ့သည်။

အဆိုပါ ဈာပနအခမ်းအနားသို့ ပြည်ပနိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံတော် အကြီးအကဲများ၊ နိုင်ငံခြားရေး ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံရုံးဝန်ထမ်းများ၊ စစ်သံစစ်မှုထမ်းများ၊ သင်တန်းသားအရာရှိများ၊ သံရုံး/စစ်သံရုံးမှ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဘူတန်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲနှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။



အိန္ဒိယနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲနှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ လုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး(4th BIMSTEC National Security Chiefs' Meeting) တက်ရောက်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ဆုရရှိကြသူ ဝန်ထမ်းများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲဆု၊ သင်တန်း ထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိကြသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီး ဌာန၌ ကျင်းပသည်။




အခမ်းအနားသို့ ဒုတိယဝန်ကြီး ချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဌာန ဆိုင်ရာအကြီးအကဲများ၊ ထူးချွန် ဆုရရှိကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားပညာ ရည်မြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက် လျက်ရှိကြောင်း၊ ယနေ့လူငယ် များသည် နောင်တစ်ချိန်တွင် နိုင်ငံ့ တာဝန်များကို ပခုံးပြောင်းတာဝန် ယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်သွားကြ ရမည့်သူများဖြစ်ကြောင်း၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည် ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူငယ် များအနေဖြင့် အသိပညာဗဟု သုတ မြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေး ကြီးကြောင်း၊ နည်းပညာသစ်များ ဖြင့် စိန်ခေါ်မှု၊ ပြိုင်ဆိုင်မှု များပြား သည့် ယနေ့ကမ္ဘာကြီးတွင် လူငယ် များအနေဖြင့် အချိန်ကို အကျိုးရှိ စွာအသုံးချ၍ အစဉ်ကြိုးစား လေ့လာသင်ယူသွားကြရန် တိုက် တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူ တစ်ဦး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၃၁ ဦး၊ ဝန်ကြီး ဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၃ ဦး၊ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ တွင် ဒုတိယဆုရရှိသည့် ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား များကို ဂုဏ်ပြုဆုများနှင့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာ ကျောင်းများ၌ ပညာသင်ကြားနေ ကြသော ဝန်ထမ်းသားသမီးများကို ပညာသင် ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာန ဆိုင်ရာ အကြီးအကဲများသည် ထူးချွန်ဆု ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေး ခဲ့ကြသည့် ဝန်ထမ်းမိဘများနှင့် ထူးချွန် ကျောင်းသား ကျောင်းသူ များကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးကာ ဂုဏ်ပြုနေ့လယ်စာ ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းပန်မြို့နယ်၌ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မိုင်းပန် ဇူလိုင် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခရိုင်သစ်တောဦးစီးဌာနမှ သစ်တော သစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို အခြေခံပညာအထက်တန်း ကျောင်း(မိုင်းပန်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် လင်းခေးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ရာသီ ဥတု ပြောင်းလဲမှုလျှော့ချရေး အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးနိုင်က သစ်တောမှ ပေးစွမ်းသောအကျိုးကျေးဇူးများနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ တို့က သစ်ပင်စိုက်ပျိုးနည်းနှင့် ပြုစုပျိုးထောင်နည်းများ ဆက်လက် ရှင်းပြခဲ့ပြီး ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ခရေ၊ ကံ့ကော်၊ စွယ်တော်၊ သရက်၊ တမာ၊ စိန်ပန်းနှင့် မဟော်ဂနီ စုစုပေါင်း အပင် ၁၆၀ အား အခြေခံပညာအထက်တန်းကျောင်း (မိုင်းပန်) ကျောင်းဝင်းအတွင်း၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

နော်မှိုင်း(ပြန်/ဆက်)



## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်း ဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ သည်။

### ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျသော အချက်တစ်ခု ဖြစ်သည့် အရည်အချင်းပြည့်ဝ သော ပညာတတ်လူငယ်များစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ချီးမြှင့်ဂုဏ်ပြုခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်လူငယ် လူရွယ်များ တိုးပွားများပြားလာ စေရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက် မပြတ် ပညာသင်ယူမှုအခွင့် အလမ်းရရှိစေရေးတို့ကို အထူး အလေးပေး ဆောင်ရွက်လျက်ရှိ ကြောင်း၊ မိဘများအနေဖြင့်လည်း နိုင်ငံ့သားကောင်း ပညာတတ် လူငယ်များဖြစ်အောင် ပြုစု ပျိုးထောင်ပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံ သော စွမ်းဆောင်ရည်မြင့်မားသည့် လူငယ်များဖြစ်အောင် ကြိုးစား ကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်း စစ်ချုပ်နှင့် တာဝန်ရှိသူများက ထူးချွန် ဝန်ထမ်းသားသမီးများ ဖြစ်သည့် ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၂ ဦးတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၇၆၊ ၀၉ -၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၃၂၊ ၀၉ -၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁- ၈၆၆၁၂၇၅၊ ၀၉-၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂-၄၀၆၁၁၁၂၊ ၀၉-၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁- ၆၅၁၂၀၉၊ ၀၉ -၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ -၄၀၃၆၃၁၂၊ ၀၉ -၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်စေရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ကို ပြန်လည် လည်ပတ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် စက်သုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် စက်ရုံပြန်လည် လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း၊ စက်ရုံပြန်လည် လည်ပတ်ချိန်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်နှင့် ဝန်ထမ်းများ စုစည်းလေ့ကျင့်ထားကြရန်လိုကြောင်း၊

အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေးအတွက် Site Survey ဆောင်ရွက်ခြင်း၊ စက်ရုံဒီဇိုင်းရေးဆွဲခြင်း၊ စက်ရုံအတွက်လိုအပ်သည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထုတ်လုပ်ရရှိလာမည့် စက်သုံးဆီအရည်အသွေးကို အနိမ့်ဆုံး EURO 4 Standard ရရှိအောင် ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေနံချက်စက်ရုံလည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်မြော်တွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိစက်ရုံဝန်ထမ်းများကို ကုန်ထုတ်လုပ်မှုအပိုင်းသာမက ကိန်းဂဏန်းအချက်အလက်နှင့် စီမံခန့်ခွဲမှုအပိုင်းများကိုပါ ကျွမ်းကျင်နားလည်တတ်မြောက်စေရေး လိုအပ်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပသွားကြရမည်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအမံများသည် အရေးကြီးသဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ အကြံပေးအဖွဲ့နှင့် တွေ့ဆုံ၍ စက်ရုံဒီဇိုင်းနှင့် အကွက်ချပုံစံ၊ နည်းပညာပိုင်းဆိုင်ရာများ၊ စက်ရုံသုံး ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေ၊ လက်ရှိစက်ရုံအား ပြန်လည်ဆယ်တင်နိုင်မည့် အခြေအနေနှင့် သတ်မှတ်ကာလအတွင်း စက်ရုံလည်ပတ်နိုင်ရေး အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းပြီး စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံသင်တန်းကျောင်း၌ စက်ရုံဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် တည်ရှိပြီး ယခုအခါ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လက်ရှိထူထောင်ထားပြီးဖြစ်သည့် စက်ကိရိယာများ၊ အခြေခံအဆောက်အအုံများကို အတတ်နိုင်ဆုံးဆယ်တင်၍ ပြန်လည်အသုံးချပြီး စက်ရုံကို အပိုင်းလိုက် တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ဝဥပင်ကို တူးဖော်သည့်အခါ ရရှိသည့် ဥအသေးလေးများနှင့် ရှက်ကြားသီးကို နှစ်မျိုးစိုက်ပျိုး၍ရကြောင်း၊ ဥကိုစိုက်ပျိုးပါက ပုပ်တာတို့၊ ပိုးဝင်တာတို့ ပါတတ်သည့်အတွက် မိမိ၏ဥယျာဉ်ခြံတွင် ရှက်ကြားသီးကိုသာ စိုက်ပျိုးကြောင်း၊ ဥကြီးကိုစိုက်ပျိုးပါက နှစ်နှစ်ခန့်ရှိလျှင် တူးဖော်ရရှိပြီး ရှက်ကြားသီး စိုက်ပျိုးပါက သုံးနှစ်ရှိလျှင် တူးဖော်ရရှိကြောင်း၊ ဝဥပင်သည်လောင်းရိပ်မကြိုက်၍ နှစ်ရှည်သီးနှံပင်များနှင့် ရောနှောစိုက်ပျိုး၍ မရသည့်အတွက် သီးသန့်စိုက်ပျိုးထားရှိကြောင်း၊ ဝဥသီးနှံကို လွန်ခဲ့သည့် ငါးနှစ်ခန့်က စတင်စိုက်ပျိုးခဲ့ပြီး စိုက်ဧက ၁၀ ဧကခန့်ရှိကာ တစ်နှစ်လျှင် ဝဥ သုံးဧကခန့်ကို တူးဖော်၍ တစ်ဧကလျှင် ပိဿာ ၁၀၀၀ မှ ၁၅၀၀ ကြားထွက်ရှိကြောင်း၊ ဝဥတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ ကြားရောင်းချရသည့်အတွက် ငွေကျပ် ၂၈ သိန်းခန့်ရရှိ၍ မိသားစုဝင်ငွေတိုးပွားကာ စီးပွားရေးအဆင်ပြေကြောင်း တောင်သူဒေါ်နီလာက ပြောသည်။



ငဖဲမြို့နယ် တောင်ပေါ်ဒေသမှထွက်ရှိသည့် ဝဥများကို တွေ့ရစဉ်။

**အများဆုံး စိုက်ပျိုး**

ငဖဲမြို့နယ် တောင်ပေါ်ဒေသ (နတ်ရေကန်)သည် မင်းဘူး-အမ်းသွား ကားလမ်းဘေးတွင် တည်ရှိပြီး ဒေသခံတောင်သူများက ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဗလာ၊ ရှောက်ချို၊ ပိန္နဲ၊ ငရုတ်၊ ၄က်ပျော၊ သံပရာ စသည့် နှစ်ရှည်သီးနှံပင်များနှင့်အတူ ဝဥကို တောင်ပေါ်ဒေသ ကျေးရွာ ၁၀ အုပ်စုတွင် အများဆုံးစိုက်ပျိုးကြရာ တောင်သူစိုက်ဧက ၁၄၄ ဧကရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

❖ **ကျွန်းလှမြို့နယ်မှ**

သင်တန်းများဖွင့်လှစ်ခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံစိုက်ပျိုးရန် ၇၆၈၅၈ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၃၉၉၇၈ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ရည်မှန်းချက်သည် "ရွေးကောက်ပွဲ"ဖြစ်သည်

ဘုန်းနိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ လျာထားဆောင်ရွက်လျက်ရှိသည်ကို တချို့က လက်ရှိဖြစ်ပျက်နေသည့် အခြေအနေများကိုအခြေခံ ပြီး ထွက်ပေါက်တစ်ခုအဖြစ် ပြောဆိုရှုမြင်နေသည် ကိုလည်း တွေ့မြင်ရပါသည်။ အဘယ်သို့သော အခြေအနေကိုအခြေခံပြီး ထွက်ပေါက်အဖြစ်ရှုမြင် နေကြသည်ကိုတော့ မပြောတတ်ပါ။ **"ရွေးကောက်ပွဲ တစ်ရပ် ပြန်လည်ကျင်းပပေးမည်"** ဆိုသည့် စကားရပ်သည်ယခုကာလမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားလာခြင်းမဟုတ်ဘဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး၌ နိုင်ငံတော်၏ ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ နိုင်ငံတော်၏ တာဝန်များကို ခေတ္တထိန်းသိမ်းပေးရန် လွှဲပြောင်း ပေးစဉ်ကတည်းက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် **"နိုင်ငံတော်တွင် အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက လွတ်လပ်၍တရားမျှတသော အထွေထွေ ရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးမည်"** ဟု အခိုင် အမာပြောကြားခဲ့သည်ကို တွေ့ရပါသည်။

## ဆိုးရွားသည့်မဲမသမာမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာကြည့်ပါက စတင် ဖွဲ့စည်းစဉ်ကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ် တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော ဆိုးရွားသည့်မဲမသမာမှုများကြောင့် အရေးပေါ် ကြေညာပြီး နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းခဲ့ရ ၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ ခုရှိ မဲစာရင်းများကို ဦးစားပေးစစ်ဆေးခြင်း ဆောင်ရွက် ခဲ့သည်ကို တွေ့ရှိရပါမည်။ ရည်ရွယ်ချက် ရှိရှိဖြင့် မဲမသမာမှုပြုလုပ်နိုင်သည့် မဲအရေအတွက် ၁၁ သန်း ကျော်ရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသောကြောင့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီအရေးယူ ခဲ့ရပါသည်။ အဆိုပါရှေ့လုပ်ငန်းစဉ်များ၏ နောက်ဆုံးအချက်တွင်လည်း **"အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါ က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်"**ဟု ထည့်သွင်းပြီး ရွေးကောက် ပွဲတစ်ရပ်ပြန်လည်ကျင်းပကာ အနိုင်ရရှိသည့် ပါတီကို နိုင်ငံတော်တာဝန်ကိုပြန်လည်လွှဲအပ်ပေးမည် ဖြစ်ကြောင်းကို တိုင်းသိပြည်သိအာမခံထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတစ်ဝန်း အကြမ်းဖက်သမားများ၏ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များကြောင့် အရေးပေါ် ကာလသက်တမ်းတိုးခဲ့ရာ (၂)နှစ်ပြည့်မြောက်သည့် နေ့တွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင် ချမှတ်ခဲ့ပါသည်။ ထိုပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်တွင် လည်း **"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့် အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအားကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟု ထပ်မံထည့်ထားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်း ချက်သည် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးမည် ဆိုသည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း နိုင်ငံတော်အဆင့် အမျိုးသားရေးနှင့် နိုင်ငံရေးဆိုင်ရာ အခမ်းအနားများနှင့် အစည်းအဝေးများတွင်လည်း ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သော အခင်းအကျင်းများ၊ ပြင်ဆင်ဆောင်ရွက်မှုများအား အမြဲပြောကြားခဲ့ သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရွေးကောက်ပွဲလုပ်ပေးမည့် ရည်မှန်းချက်ကို ပြတ်သားစွာတွေ့ရှိနိုင်ပါသည်။

## မှန်ကန်စွာတွက်ဆရန်လို

လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရ သည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ အနာဂတ်တွင်ဖြစ်တည်လာနိုင်မည့် အခြေအနေများကို မှန်ကန်စွာတွက်ဆရန်လိုပါလိမ့် မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ကိစ္စအရပ်ရပ်ကို တာဝန်ယူရန် စတင် ဖွဲ့စည်းရယူခဲ့ခြင်းသည် ယိုယွင်းသွားသည့် ဒီမိုကရေစီ လမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးရန်သာဖြစ် ပါသည်။ ထိုကဲ့သို့ လမ်းကြောင်းမှန်ပေါ်တည့်မတ် ပေးရင်း အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ရာ တွင် ကဏ္ဍအစုံ၌ မဖြစ်မနေဆောင်ရွက်ရမည့် လက်တွေ့ကျသော အခြေခံအုတ်မြစ်များခိုင်မာစေရန် တည်ဆောက်နေခြင်းကို တွေ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စနစ် အပြောင်းအလဲမှစ၍ ယခုအချိန်ထိဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ထဲထဲဝင်ဝင် သိရှိထားသူတစ် ယောက်ဟုဆိုနိုင်ပါသည်။ ၂၀၀၈ ခုနှစ်အခြေခံဥပဒေ အရ နိုင်ငံ၏စနစ်ပြောင်းကာလတွင် လက်တွေ့ ကျင့်သုံးခဲ့ရာ ကြုံတွေ့ခဲ့ရသည့်အခြေအနေများ အပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြန်လည်ပြင်ဆင်သင့်သည်များကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်းဆိုသည့် ပကတိ အမှန်တရားကို လက်ခံပြီးဖြစ်သည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်ရေး ဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကိုချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါ သည်။ နိုင်ငံအတွင်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသော လက်နက်ကိုင်လမ်းစဉ်ကို မဖြစ် မနေချုပ်ငြိမ်းပပျောက်အောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှတစ်ဆင့် နိုင်ငံရေးညီမျှမှု၊ နိုင်ငံဖွဲ့စည်းတည် ဆောက်မှုတို့ဖြင့် ကြိုးပမ်းနေခြင်းကိုလည်း တွေ့မြင် လာရပါသည်။

မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများကို အငြင်းပွားမှုနည်းပါးစွာဖြင့် ဖြတ်ကျော်နိုင်ခဲ့ပြီး နည်းပါးသည့် အငြင်းပွားမှုများကိုလည်း အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသုံးရပ်ကျင့် သုံးခဲ့ရာ ကြီးမားသည့် ထိပ်တိုက်ရင်ဆိုင်မှုများမဖြစ် ခဲ့သော်လည်း အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေး အာဏာ(တစ်နည်းအားဖြင့်) အစိုးရနှင့် ပြည်ထောင်စု လွှတ်တော်တို့ကြားတွင် ပွတ်တိုက်မှုအနည်းငယ် တော့ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

> "မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများကို အငြင်းပွားမှုနည်းပါးစွာဖြင့် ဖြတ်ကျော်နိုင်ခဲ့ပြီး နည်းပါးသည့် အငြင်းပွားမှုများကိုလည်း အောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသုံးရပ်ကျင့်သုံးခဲ့ရာ ကြီးမားသည့် ထိပ်တိုက်ရင်ဆိုင်မှုများမဖြစ်ခဲ့သော်လည်း အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေး အာဏာ(တစ်နည်းအားဖြင့်) အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့ကြားတွင် ပွတ်တိုက်မှုအနည်းငယ်တော့ရှိခဲ့သည်ကို တွေ့ရမည်"

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်အချိန်ကတည်း က အမြစ်တွယ်ခဲ့သော လက်နက်ကိုင်၍ ဖြေရှင်း သည့်လမ်းစဉ်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေက ဩဇာသက်ရောက်စွာ ဖြေရှင်းပေးနိုင်ခြင်း မရှိသည်ကို တွေ့ရပါသည်။ မြန်မာ့လက်နက်ကိုင် လမ်းစဉ်သည် မည်သည့်ခေတ်တွင်မှ ပပျောက်သွား ခြင်းမရှိခဲ့ဘဲ အတန်ငယ်အားနည်းခဲ့ခြင်းသာရှိခဲ့ ပါသည်။ ဒီမိုကရေစီခေတ်တွင် တစ်ကျော့ပြန်တိုက်ပွဲ များပြန်လည်ဖြစ်ပွားခြင်းများနှင့်အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အသစ်များလည်း ထပ်မံ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သည့်လက်နက်ကိုင် အဖွဲ့မဆို လက်နက်ကိုင်အဖွဲ့အဖြစ် တရားဝင် ရပ်တည်မည်ဆိုပါက နယ်ခြားစောင့်တပ်အဖြစ် သော်လည်းကောင်း၊ ပြည်သူ့စစ်အဖြစ်သော်လည်း ကောင်း ပြောင်းလဲပြီး တပ်မတော်၏ကွပ်ကဲမှု အောက်တွင် တည်ရှိရမည်ဖြစ်ပါသည်။ သို့သော် ထိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်ကွပ်ကဲမှုအောက်တွင် နေထိုင်လိုခြင်း မရှိကြဘဲ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ဖွဲ့စည်းပြီး သီးခြားနယ်မြေအဖြစ် ရပ်တည်လိုသည့် သဘောထား များသာ ရှိနေကြသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ ထိုပြဿနာများကိုပြေလည်စေပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖြစ်တည်လာစေရေးအတွက် NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပကြမည်ဆိုသည့် နည်းလမ်းတစ်ခု ချမှတ်ခဲ့ ခြင်းဖြစ်ပါသည်။

## သမာသမတ်ကျစွာ ကျင်းပပေးခဲ့

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပ နိုင်ခဲ့ပြီးနောက်တွင် ၁၉၈၈ ခုနှစ် ကတည်းက တပ်မတော်ကိုရန်သူသဖွယ် အမြဲတမ်းစဉ်းစား ဆက်ဆံခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် သည့် NLD ပါတီအာဏာရလာခဲ့ပါသည်။ ဒီမိုကရေစီ စနစ်အသက်ဝင်စေရန်နှင့် ပြည်သူပြည်သားများ၏ သဘောထားကို လေးစားသည့်အတွက် အာဏာရ USDP ပါတီအစိုးရသည် ရွေးကောက်ပွဲကိုသမာသမတ် ကျစွာဖြင့် ကျင်းပပေးခဲ့ပြီး မဲအနိုင်ရသည့် NLD ပါတီကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတော် တာဝန်ကိုရယူခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရသည် ၎င်းတို့ကို အာဏာရစေခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် လေးစားစွာ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့အလိုကျ ပြင်ချင်ရာ ပြင်ဖို့ကိုသာ အဓိကထားဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အားသာမည့်ကိစ္စရပ်များတွင် အခြေခံဥပဒေကို ခုတုံးလုပ်ပြီး ၎င်းတို့လုပ်ချင်သည့် ကိစ္စရပ်များတွင် အခြေခံဥပဒေကို မျက်ကွယ်ပြုခဲ့ကြ သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည့် အသုံး အနှုန်းနှင့် ရာထူးသည်ပင် အခြေခံဥပဒေကပေးထား သည့် စာမျက်နှာ ၇ သို့ ❄

> "လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ပေါ်ပေါက်လာရသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ အနာဂတ်တွင်ဖြစ်တည်လာနိုင်မည့်အခြေအနေများကို မှန်ကန်စွာတွက်ဆရန်လိုပါလိမ့်မည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ကိစ္စအရပ်ရပ်ကို တာဝန်ယူရန် စတင်ဖွဲ့စည်းရယူခဲ့ခြင်းသည် ယိုယွင်းသွားသည့် ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးရန်သာဖြစ်"

❉ စာမျက်နှာ ၆ မှ
အခွင့်အာဏာထက် ကျော်လွန်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို ၅ နှစ်တာကာလအတွင်းတွင် NLD အနေဖြင့် အဓိကဆောင်ရွက်ခဲ့သည့်ကိစ္စသည် တပ်မတော်ကို နိုင်ငံရေးမှထွက်ခွာရေး၊ နိုင်ငံရေးသမားများ၏ လက်အောက်ရောက်ရှိရေးနှင့် တပ်မတော်အပေါ် ပြည်သူလူထုအမြင်မှားစေရေးများကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။

NLD အစိုးရလက်ထက်တွင် ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ပတ်သက်၍ သမ္မတအရည်အချင်းဖြစ်သည့် ပုဒ်မ ၅၉(စ)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၆ များကိုသာ အဓိကထားခဲ့သည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ပုဒ်မ ၅၉(စ)သည်ဒေါ်အောင်ဆန်းစုကြည်ကို ရည်ညွှန်းထားသည်ဟုယူဆပြီး ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ ပုဒ်မ ၄၃၆ ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့စိတ်ကြိုက် အလွယ်တကူပြင်ဆင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

### ကျေနပ်နှစ်မြို့က်ခြင်း မရှိ

ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးရွေးချယ်သည့်စနစ်သည် မဲနိုင်သည့်သူ အကုန်ယူစနစ်ဖြစ်နေသည့်အတွက် အချို့သောပြည်နယ်များတွင် မဲနိုင်သည့်တိုင်းရင်းသားပါတီများသည် အစိုးရဖွဲ့ခွင့်မရဘဲ သမ္မတကသာ စိတ်ကြိုက်ဖွဲ့စည်းခန့်အပ်နိုင်သည့်အတွက် တိုင်းရင်းသားအများစုက ကျေနပ်နှစ်မြို့က်ခြင်း မရှိကြပါ။ ထိုအချက်သည် ပြည်ထောင်စု သွေးစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် လေးစားတန်ဖိုးထားလာနိုင်သည့်အခြေအနေကို အဟန့်အတား ဖြစ်စေသည်ဟု ရှုမြင်ရပါမည်။ NLD အနေဖြင့် အာဏာမရမီအချိန်တွင် တိုင်းရင်းသားအခွင့်အရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ရှေးရှုမည်ဟု တွင်တွင်ပြောခဲ့သော်လည်း အာဏာရလာသည့်အခါ တစ်နိုင်ငံလုံးကို တစ်ပါတီတည်းက လက်ဝါးကြီးအုပ်ချင်သည်က ပိုများလာခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် မိမိတို့ဝင်ရောက်ယှဉ်ပြိုင်သည့် ပြည်နယ်နှင့်ဒေသများတွင် မဲနိုင်ပါက သက်ဆိုင်ရာအစိုးရအဖွဲ့ကို ကိုယ်တိုင်ရွေးချယ်ခန့်အပ်လိုသည့်ဆန္ဒသည် တိုင်းရင်းသားတိုင်းတွင် ရှိကြပါသည်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကမဲနိုင်၍ အစိုးရဖွဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အသက်ဝင်သည့်ကာလဖြစ်ခြင်းနှင့် နိုင်ငံတစ်ဝန်းလုံး ပြည်နယ်ဒေသများတွင်ပါ မဲနိုင်ခြင်းများကြောင့် သမ္မတက စိတ်ကြိုက်ခန့်အပ်ခဲ့တာ မသိသာလှပေ။ သို့သော် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၌ ရခိုင်တိုင်းရင်းသားပါတီက မဲအများစုဖြင့်နိုင်ခဲ့သည့်အတွက် အစိုးရဖွဲ့ရာတွင် ပြည်နယ်အစိုးရကို ကိုယ်တိုင်ဖွဲ့လိုသည့် ဆန္ဒရှိခဲ့သော်လည်း NLD ပါတီက လက်မခံခဲ့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်မပြုထားဟူ၍ အကြောင်းပြခဲ့သည်က တွေ့ရမည် ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ပြောင်းစနစ်ပြောင်းအတွက် သင့်တင့်မျှတကောင်းမွန်သည့် ဥပဒေတစ်ရပ်လို့ဆိုနိုင်ပါသည်။ သို့သော် တရားသေဆုပ်ကိုင်ထားရန်တော့မသင့်ပါ။

> ❝၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် ထွက်ပေါက်တစ်ခုမဟုတ်ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အန္တိမရည်မှန်းချက်ဖြင့် တည်ဆောက်ပေးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ နိဒါန်းအစနှင့် ဝင်ပေါက်တစ်ခုသာ ဖြစ်ပေသည်။ အနာဂတ်မြန်မာနိုင်ငံအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လက်နက်ကိုင်လမ်းစဉ် ချုပ်ငြိမ်းရေးဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆိုင်ရာဒေသအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်၏ ရွှေပြည်ခရီးသည် ဝေးမည်မထင်❞

တိုးတက်မှုများအရ သင့်တင့်မျှတစွာ ပြင်ဆင်ဖို့တော့လိုပါသည်။ မည်သို့ပြင်ဆင်သင့်ပါသနည်းဆိုလျှင် မြန်မာ့နိုင်ငံရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြသည့် Stakeholder များအနေဖြင့် စည်းလုံးညီညွတ်စွာ တိုင်ပင်ဆွေးနွေး ပြင်ဆင်သင့်သည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးပါတီများသည် အဓိကကျပါလိမ့်မည်။

ထိုအခြေအနေအရပ်ရပ်ကို လက်ရှိနိုင်ငံတော်တာဝန်ကိုရယူထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ကောင်းစွာသိရှိနားလည်နေသည်ဟု မြင်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်အချိန်မှာ ထုတ်ပြန်ခဲ့သည့် ဦးတည်ချက်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်နေမှုများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးဆွေးနွေးမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်လိုသည့် အချက်အလက်များကို ပွင့်လင်းစွာဆွေးနွေးမှတ်တမ်းတင်ထားရှိမှုများကိုကြည့်လျှင် အနာဂတ်တွင် မြန်မာနိုင်ငံကို မည်သို့ပုံဖော်မည်ဆိုသည့် ရည်မှန်းချက်ကို တွေ့နိုင်ပါသည်။

### အန္တိမရည်မှန်းချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တာဝန်ယူခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ထားသည့် အန္တိမရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် အချိတ်အဆက်မိမိ ဆောင်ရွက်လာရာ ရုပ်လုံးပေါ်လာနေသည်ကိုတွေ့ရပါသည်။ ကနဦးအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် စီမံချက်ချဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲအပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်နိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အကြိမ်ကြိမ်ညှိနှိုင်းပြီး မဲများသူအနိုင်ရသည့်စနစ် (FPTP) အစား စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR) ဖြင့် ပေါင်းစပ်ကျင့်သုံးသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲတွင် ပါတီများစုံလင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီများမှတ်ပုံတင်ခြင်း၊ ပါတီဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများမဲပေးရာတွင် အဆင်ပြေပြီး ပွင့်လင်းမြင်သာမှုရှိစေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)ဖြင့် မဲပေးသည့်စနစ် ဆောင်ရွက်ပေးခြင်း၊ ရွေးကောက်ပွဲအကြို လုပ်ငန်းစဉ်အဖြစ် မဲစာရင်းများ ခိုင်လုံမှန်ကန်မှုရှိစေရေး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ လွတ်လပ်၍ တရားမျှတမှုအပြည့်ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းများကို တွေ့ရပါသည်။

လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုကြီးဆီသို့ချီတက်ရာ မုခ်ဦးတံခါးဝတစ်ခုဟု ဆိုနိုင်ပါသည်။ ရွေးကောက်ပွဲ အဝင်တံခါးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကိုတည်ဆောက်ရင်း အခြေခံကောင်းများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ အစီစီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်ပါသည်။ ယခုလာမည့် ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် Entry Strategy ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မျှော်လင့်ချက်များ စုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ယခုကာလကတည်းက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများနှင့် ပတ်သက်၍ နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံကို ဖွံ့ဖြိုးတိုးတက်လာစေရန် ရေတိုရေရှည်စီမံကိန်းများ ချမှတ်လုပ်ဆောင်၍ မရှိမဖြစ်လိုအပ်သည့် အခြေခံကောင်းများ အုတ်မြစ်ချပေးနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များက သက်သေပင်ဖြစ်ပါသည်။

### လက်တွေ့ကျသည့် အခြေခံလုပ်ငန်း

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် အခြေခံလုပ်ငန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများသာလျှင်ဖြစ်ပါသည်။ ဤအခြေခံစနစ် ဖွံ့ဖြိုးအောင်မြင်မှသာ နောက်တစ်ဆင့်ကို ရည်မှန်းရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေမခံသည့် စက်မှုလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် လက်တွေ့မကျသည့် လုပ်ငန်းဟုဆိုရပေလိမ့်မည်။ မလုပ်ရဟုဆိုလိုခြင်းမဟုတ်ပါ။ အတူယှဉ်တွဲလုပ်နိုင်သော်လည်း လက်တွေ့ကျသည့်အခွင့်အရေးသည် စိုက်ပျိုးမွေးမြူရေးနှင့် ထိုလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မည့်ခရီးသွားလုပ်ငန်းများသာဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုံ၊ ကော်ဖီနှင့် ဆန်စပါးစသည့် စားသုံးသီးနှံသက်သက်တင်မဟုတ်ဘဲ ကြံ၊ ရော်ဘာ အစရှိသည့် စက်မှုကုန်ကြမ်းသီးနှံများသည်လည်း မြန်မာ့စီးပွားရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။ မွေးမြူရေးနှင့်ပတ်သက်ပြီး ပြည်ပသို့ တင်ပို့နိုင်သည့် အေးခဲအသားများနှင့် စည်သွတ်ဘူးလုပ်ငန်းများသည်လည်း အခွင့်အရေးရှိသည့်အခြေခံကောင်းများဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ထိုအခြေခံကောင်းများကို မူဝါဒချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရေရှည်စီမံကိန်းအဖြစ် မူဝါဒချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီးလျှင် မူလအခြေအနေအတိုင်း အာဏာသုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် သီးခြားစီရပ်တည်ရတော့မည်ဖြစ်ပါသည်။ အုပ်ချုပ်မှုအာဏာအတွက် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်စွမ်းအင်အတွက် အခြေခံကောင်းများ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ပေါ်ပေါက်လာမည့်လွှတ်တော်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်သင့်သည့် အချက်အလက်များကိုလည်း ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်သည့်အတွက် အလွယ်တကူပြင်ဆင်နိုင်မည့် အခြေအနေဖြစ်ပါသည်။ ထိုအခြေအနေအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် အေးချမ်းတည်ငြိမ်စွာ ဖြစ်တည်လာမှာမလွဲဟုဆိုရပေမည်။ ထိုခရီးကို ဆက်လက်ချီတက်ဖို့အတွက်ဆိုလျှင် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် ထွက်ပေါက်တစ်ခုမဟုတ်ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အန္တိမရည်မှန်းချက်ဖြင့် တည်ဆောက်ပေးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ နိဒါန်းအစနှင့် ဝင်ပေါက်တစ်ခုသာဖြစ်ပေသည်။ အနာဂတ် မြန်မာနိုင်ငံအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းရေးဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆိုင်ရာဒေသအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်၏ ရွှေပြည်ခရီးသည် ဝေးမည်မထင်ပါ။ ။



## ဒလမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲနှင့် ဟောပြောပွဲကျင်းပ

ဒလ ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ တွံတေးမြို့နယ်သစ်တောဦးစီးဌာန အမှတ်(၃) ရေကြောင်းရဲ၊ ဒလမြို့နယ် သက္ကယ်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ ပါဝင်သောအဖွဲ့တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲနှင့် ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ထို့နောက် တွံတေးမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအာကာနှင့် ဝန်ထမ်းများ၊ အမှတ်(၃) ရေကြောင်းရဲမှူး သန်းတိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဒလမြို့နယ်သက္ကယ်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဖြူးရွှေဝါပင် ၃၀၀၊ လမုပင် ၁၀၀၊ သမဲ့ပင် ၁၀၀ စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ တွံတေးမြို့နယ်သစ်တောဦးစီးဌာနမှူးက ဒေသခံပြည်သူများအား အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်များအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကမ္ဘာမြေထိန်းသိမ်းခြင်းဆိုင်ရာ အခြေခံနည်းလမ်းများစာအုပ် ၃၀ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ရှိ ပဲခူးမြစ်ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေး

ပဲခူး ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ပဲခူးမြို့ရှိ ပဲခူးမြစ် ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြစ် ရေဘေးကာကွယ်ရေးတာ တစ်ခုဖြစ်သည့် ပန်းလှိုင်ရေတားတာ၌ ရေဘေးကြိုတင်ကာကွယ် ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကျော်နိုင်သည့် တာအနိမ့်ပိုင်းနေရာများတွင် သဲအိတ်များ ကြိုတင်စုပုံထားရန်၊ ရေတားတာ တစ်လျှောက် ရေကင်းများ စနစ်တကျထားရှိပြီး စောင့်ကြည့်စစ်ဆေးရန်၊ ဖြစ်ပေါ်လာနိုင်သည့် မြစ်ရေမြင့်တက်နိုင်မှု အခြေအနေအား တွက်ဆ၍ လူအသင့်၊ စက်ရေယာဉ်အသင့်၊ ပြောင်းရွှေ့ပေးရန် မော်တော်ယာဉ်အသင့်ထားရန်နှင့် ရေဘေးကာကွယ်ရေးတာများ၏ကြိုတင်ရေဘေးကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့များ ဖွဲ့စည်းစောင့်ကြည့် ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြစ် ရေဘေးကာကွယ်ရေးတာများဖြစ်သည့် ကျောက်ကြီးရပ်ကွက်ရှိ ကျောက်ကြီးစုတာနှင့် ညောင်ဝိုင်းရပ်ကွက်ရှိ ညောင်ဝိုင်းတာများ၏ ရေဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှုနှင့် တာကြံ့ခိုင်မှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဝင်ရောက်လာသည့် ရပ်ကွက်များအတွင်းနေထိုင်သည့် ပြည်သူများအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးရန်နှင့် လိုအပ်လာပါက အမြန်ဆုံးစုဖွဲ့နေထိုင်ရမည့်နေရာသို့ သွားရောက်နိုင်ရေး ကြိုတင်အသိပေးခြင်းများ ဆောင်ရွက်ရန်နှင့် လိုအပ်သည့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြစ်ရေ ဝင်ရောက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်





နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်တွင် ဇူလိုင် ၂၅ ရက်က ကျင်းပပြုလုပ်သည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက် (၈)ချက်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများဆောင်ရွက်၍ အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၃)ကြိမ်မြောက် အထွေထွေညီလာခံကို ဇူလိုင် ၂၆ ရက်က ကျင်းပရာ အဆိုပါ အထွေထွေညီလာခံသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား)က ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့သည်။

**လက်မှတ်ရေးထိုး မှတ်တမ်းတင်**

အဆိုပါ အထွေထွေညီလာခံ၌ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက် (၈)ချက်အား အတည်ပြုကြပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုး မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးကြည် မကွေး၊ မင်းဘူး၊ ရေနံချောင်း မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်



နေပြည်တော် ဇူလိုင် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့နံနက်ပိုင်းတွင် ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ရေနံချောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၈၆၃ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာနှင့် မန်မြေရွာသစ်ကျေးရွာ ကမ်းပါးပြိုဘေးသင့် အိမ်ခြေ ၅၅ လုံး အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန မကွေးမြို့ မူလတန်းကြိုကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကလေးငယ်များကို ငယ်စဉ်ကပင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပျိုးထောင်ပေးရန်နှင့် သင်ကြားနည်းစနစ်များနှင့်အညီ သင်ကြားပေးရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ကလေးငယ်များကို မုန့်နှင့်ပဲနို့များ ဝေငှပေးသည်။

ထို့နောက် မကွေးမြို့ မြင်းကင်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ မကွေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၈၄၇၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မင်းဘူးမြို့ မုန်ကင်းဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး မင်းဘူးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၉၀၀၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့၍ အားပေးစကား ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် မကွေးမြို့၊ မင်းဘူးမြို့၊ ရေနံချောင်းမြို့ အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၅၅ ဒသမ ၂၃၉ သန်းကျော် ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံနှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးတို့သို့ သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှု၊ ထောက်ပံ့ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့နိုင်ရေး၊ အသိပညာပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ ကလေးပြုစုရေးဌာနသို့ ရောက်ရှိပြီး ကလေးများ ပြုစုထားရှိမှုနှင့် ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စားဖိုဆောင်သန့်ရှင်းမှုရှိရေး၊ အာဟာရပြည့်ဝသော အစားအစာများ ချက်ပြုတ်ကျွေးမွေးရေးတို့ကို အထူးဂရုပြုရန် မှာကြား၍ ကလေးငယ်များအတွက် အာဟာရမုန့်များနှင့် အရုပ်များ ဝေငှပေးသည်။

ယင်းနောက် မကွေးမြို့ မူလတန်းကြိုကျောင်း၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဦးစီးဌာနအလိုက်လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်အောင်ခရိုင်အတွင်းရှိ ရေလှောင်တမံများအားကြည့်ရှုစစ်ဆေး





ပုသိမ် ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများလိုက်ပါလျက် မြန်အောင်ခရိုင်အတွင်းရှိ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေများ၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေထုတ်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံစီမံကိန်းသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူက ခုနှစ်အလိုက် မိုးရေချိန်လက်မ၊ ပင်မရေပိုလွှဲမှရေကျော်သည့် အမြင့်ဆုံးရေမှတ်၊ အမြင့်ဆုံးပေ၊ ရေကျော်သည့်ရက်၊ ၂၀၁၈ ခုနှစ်တွင် မမြဆည်ရေပိုလွှဲမှ အမြင့်ဆုံး ၅ ဒသမ ၅ပေ (RL- 320.5 ft ) ရေကျော်ခဲ့မှုနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် မမြဆည်ရေပိုလွှဲမှ ရေကျော်အမြင့် ၁ ဒသမ ၂ ပေ (RL- 316.2 ft ) မှ ရေကျော်စီးဆင်းမှု အခြေအနေများ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေပိုလွှဲမှရေကျော်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်၍ ပင်မရေပိုလွှဲမှ နှစ်အလိုက်ရေကျော်မှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးရေချိန် (လက်မ)၊ အမြင့်ဆုံး ရေမှတ်(RL)၊ အမြင့်ဆုံး(ပေ)၊ ရေကျော်သည့် ရက်ပေါင်း၊ ၂၀၁၈ ခုနှစ်တွင် ကညင်ဆည် ရေပိုလွှဲမှ အမြင့်ဆုံး ၁၀ ဒသမ ၉ ပေ (RL- 298.90. ft) ရေကျော်ခဲ့မှုနှင့် ကညင်ဆည်ရေပိုလွှဲမှ ယနေ့ မွန်းလွဲ ၃ နာရီတွင် ကညင်ဆည်ရေပိုလွှဲထိပ်မှ အမြင့် ၇ ဒသမ ၈ ပေ (RL- 295.8 ft ) တွင် ရေကျော်စီးဆင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ရေလှောင်တမံစီမံကိန်းဆိုင်ရာအချက်အလက်များ၊ တမံကြံ့ခိုင်မှုနှင့် ရေထုတ်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေလှောင်တမံရေပိုလွှဲမှ ရေကျော်နေမှုကို စောင့်ကြည့်မှတ်တမ်းတင်ထားရှိရန်၊ အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊ ရေလှောင်တမံကြံ့ခိုင်ရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

တရုတ် ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လေ့လာရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် ဦးဆောင်သော နိုင်ငံရေးပါတီ လေးပါတီမှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ တရုတ်-ကူမင်း သွင်းကုန်၊ ပို့ကုန် ကုန်စည်ပြပွဲ၊ တိုင်းရင်းသားလူမျိုးများနှင့် မျိုးနွယ်စုဆိုင်ရာ မူဝါဒချမှတ်မှုဆိုင်ရာ ဆွေးနွေးပွဲ၊ ယူနန်ပြည်နယ် မဟာလျှပ်စစ်ဓာတ်အားလိုင်း ကွန်ရက်တည်ဆောက်မှု အခြေအနေများနှင့် တရုတ်ကွန်မြူနစ်ပါတီ ပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာဆွေးနွေးခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ အပါအဝင် အထင်ကရနေရာများသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**





# ဘီးလင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေထောက်ပံ့ပေးအပ်

ဘီးလင်း ဇူလိုင် ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနက ရေဘေးရှောင်ပြည်သူများအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက် ရေဘေးကယ်ဆယ်ကွပ်ကဲရေးရုံး၌ ပြုလုပ်သည်။

ဘီးလင်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၂၇ ရက်အထိ ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၁၂ ရွာတို့တွင် ရေဘေးရှောင်စခန်း ၂၃ ခု ဖွင့်လှစ်၍ ရေဘေးသင့် အိမ်ထောင်စု ၂၁၉၀ စုမှ ပြည်သူ ၈၇၂၉ ဦးတို့အား ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

အဆိုပါ ရေဘေးရှောင်ပြည်သူ ၃၆၂၆ ဦးအတွက် ဆန်ရိက္ခာ တစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၇၆၁၄၆၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ထွန်းလင်းက ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတမြို့၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

ဟင်္သာတ ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် “စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲ” ကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင်အတွင်းရှိ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဒုတိယဦးစီးမှူးများက ခေါင်းစဉ်အသီးသီးဖြင့်ဆွေးနွေးကြရာ အကဲဖြတ်ဒိုင်များနှင့် Zoom Application ဖြင့် တက်ရောက်နားထောင်သူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အကဲဖြတ်ဒိုင်များက စိစစ်အကဲဖြတ်ပေးကြရာ ပထမဆုကို ဇလွန်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဟန်သူဇာဝင်း၊ ဒုတိယဆုကို ဟင်္သာတခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မေဝင့်ရွှေရည်၊ တတိယဆုကို လေးမျက်နှာမြို့နယ်ရုံးမှ ဒေါ်ညိုညိုဝင်းတို့က ရရှိခဲ့ပြီး အဆိုပါဆုများကို စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**ကိုဇော်(ဟင်္သာတ)**

# စွမ်းထက်အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ



ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စွမ်းထက်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၆ ရက်က အဆိုပါအသင်းစုရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေများ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးဝင်းဗိုလ်က အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားကာ အသင်းသူအသင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လောကနန္ဒာ၊ မြင်းကပါနှင့် ဖွားစောရွာများဆီသို့

မြင့်စိုး(နတလ)

### မဇ္ဈူသကနတ်ပန်းရနံ့ မွှေးပျံ့စေချင်

ဇူလိုင်လ ၁၁ ရက်နေ့ ပုဂံ/ ညောင်ဦးဒေသသို့ နေ့ချင်းပြန်ခရီးသွားခဲ့သည်။ ရည်ရွယ်ချက်မှာ ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ အရှေ့ဖွားစော၊ အနောက်ဖွားစော၊ မြင်းကပါ၊ ကုန်းတန်းကြီးနှင့် နတ်ကြိုအိုင်ကျေးရွာ အဝင်လမ်းများ၊ ရွာတွင်းလမ်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်းစတင်နိုင်မှု၊ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန်၊ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ထိုနေ့က ကုန်းတန်းကြီးကျေးရွာသို့ အရင်သွားသည်။ ပြီးလျှင် ဖွားစောအရှေ့ရွာနှင့် အနောက်ရွာတို့သို့ ရောက်ခဲ့သည်။ ထိုမှ လောကနန္ဒာစွယ်တော်မြတ်စေတီကို သွားရောက်ဖူးမြော်ခဲ့သည်။ ဘုရားဖူးပြီးပါက မဇ္ဈူသကနတ်ပန်းထုပ်လေးများ ရောင်းချနေကြသော ဈေးသည်လေးများနှင့် ခေတ္တခဏတွေ့ခွင့်ရအောင် စီစဉ်ပေးပါရန် ဂေါပကအဖွဲ့သို့ မေတ္တာရပ်ခံထားပေရာ ဓမ္မာရုံတစ်ခုအတွင်း၌ စုပေးထားပါသည်။ ၁၅ ယောက်ခန့် ရှိမည်ထင်ရ၏။ ကျွန်တော်ဝင်သွားချိန်မှာ အားလုံးက မျက်လုံးလေးတွေ ပေကလတ် ပေကလတ်နှင့် ကြည့်နေကြ၏။ သည်ဆရာ ငါတို့ကို ဘာများပြောမှာပါလိမ့်. . .။

“ကိုင်း.....ငါ့သမီးတို့၊ ညည်းတို့နဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ပြောစရာလေး နည်းနည်းရှိလို့ စုခိုင်းလိုက်တာပါ။ ပြီးခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့တုန်းက အဘ သည်ဘုရားကို လာဖူးတယ်။ ဘုရားအဆင်းမှာ သမီးတို့ ဈေးရောင်းတဲ့ ရှေ့ကဖြတ်သွားတော့ တစ်ယောက် မဇ္ဈူသကနတ်ပန်းထုပ်လေးတွေ လက်ဆောင်ယူသွားပါဦးဆိုပြီး လိုက်ပေးတာ မှတ်မိလား. . .” ဟု ကျွန်တော်မေးလိုက်သောအခါ ဒုတိယတန်း ညာအစွန်မှာ ထိုင်နေသော သမီးတစ်ယောက်က ကျွန်မလိုက်ပေးတာပါဟု မဝံ့မရဲပုံစံလေးနှင့် ဖြေသည်။ သူ့ကြည့်ရတာ တစ်စုံတစ်ရာအတွက် ပူပန်နေသလိုလို သနပ်ခါးလူးထားသော နဖူးပြင်မှာ ဇောချွေးလေးများပင် ပြန်ချင်ချင်ဖြစ်နေပုံရ၏။

“ကျေးဇူးတင်တယ် သမီးရေ၊ အဘ အိမ်ပြန်ရောက်တော့ အထုပ်မှာပါတဲ့ အညွှန်းအတိုင်း နှလုံးအားကောင်းအောင် မျက်စိကြည်အောင်၊ အမောပြေခြင်း၊ ခန္ဓာကိုယ်နုပျိုခြင်းတို့နဲ့ ပြည့်စုံအောင် ပျားရည်နဲ့ရောပြီး စားလိုက်တာပေါ့ကွယ်။ စားလို့ကောင်းပါတယ်။ အဘတို့ ငယ်ငယ်တုန်းကလည်း မဇ္ဈူသကနတ်ပန်းပွင့်လေးတွေ ကောက်ပြီး စားဖူးနေလို့ ချိုအီအီအရသာလေးကို မှတ်မိနေတယ်။



လောကနန္ဒာစွယ်တော်မြတ်စေတီအား ဖူးမြော်၍ အမှတ်တရဓာတ်ပုံရိုက်စဉ်။

ဒါပေမဲ့. . .

ကျွန်တော်၏ ဒါပေမဲ့နောက်မှာ ဆက်မည့်စကားကို သူတို့ပိုပြီး သိလိုကြားလိုစိတ်ဖြင့် ငြင်းပြနေမည်မှာ သေချာသည်။ ပေးလိုက်သည့်အထဲမှာ ဘာများပါသွားပါလိမ့်၊ ဘာများတွေ့သွားလို့ပါလိမ့်ဆိုသည့် အတွေးများစွာနှင့် ဖြစ်နေကြပါလိမ့်မည်။

“ပထမဆုံး သမီးတို့ သတိထားရမှာက နတ်ပန်းပွင့်လေးတွေ မထုပ်ပိုးခင်မှာ သဲမှုန့်လေးတွေစင်အောင်၊ သန့်အောင်လုပ်ဖို့လိုလိမ့်မယ်။ အဘစားကြည့်တော့ သဲနည်းနည်းပါနေတာ တွေ့ရတယ်။ ဒါကတစ်ချက်၊ နောက်တစ်ခုက အထုပ်ထုပ်တဲ့နေရာမှာ ဘာနဲ့ သွားတူနေသလဲဆိုတော့ အဘတို့ ငယ်ငယ်တုန်းက စားခဲ့တဲ့ ပဲကြီးလှော်ထုပ်နဲ့ တူနေတယ်။ ပလတ်စတစ်အိတ်လေးထဲကိုထည့် သံချောင်းလေးခံ မီးပြပြီး ပိတ်ထားတာလေ။ အဲဒါကိုလည်း ပြင်ရမယ်။ ဒီမှာကြည့်လိုက် ဒါက သမီးတို့ပေးလိုက်တဲ့ အထုပ်လေး၊ ဒီနှစ်ထုပ်ကတော့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ပေးပြီး ထုပ်ပိုးမှုပုံစံ ပြင်ထားတာ။ တစ်ခုက ရယ်ဒီမိတ်ထည့်လို့ရတဲ့ စက္ကူအိတ်လေးသုံးထားတယ်။ ဒီတစ်ထုပ်က အိတ်ပိတ်စက်သုံးပြီး ပိတ်ပြထားတယ်။ သန့်ရှင်းသပ်ရပ်မှုရော ထုပ်ပိုးမှုပုံစံပါ ကွာမသွားဘူးလား။ ကုန်ကျစရိတ်ကလည်း စက္ကူအိတ်ဖိုးအပါမှ ၂၀၀ ကျပ်စွန်းစွန်းပဲ။ အိတ်ပိတ်စက်နဲ့ ပိတ်ထားတဲ့ ပလတ်စတစ်အကြည်အိတ်က ဈေးပိုသက်သာတယ်”

ကျွန်တော် နမူနာယူလာသော မဇ္ဈူသကနတ်ပန်းထုပ်လေးများကို ပြသရင်း ရှင်းပြတော့ သူတို့မျက်နှာလေးတွေ တိမ်စင်လနှယ် ဝင်းပလာသည်။ သူတို့အား ခေါ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းစွာ သိလာကြသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း ထုပ်ပိုးမှုပုံစံပြောင်းထားရုံမျှမက မဇ္ဈူသကနတ်ပန်းပွင့်တွေထဲမှာ ပါဝင်ပစ္စည်း အာဟာရတန်ဖိုးများကို ဓာတ်ခွဲစမ်းသပ်ရယူပေးထားသေးသည်။ သည်အပိုင်းကိုတော့ ကျွန်တော်နှင့်အတူ လိုက်ပါလာသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ဆက်ရှင်းပြသည်။

### မဇ္ဈူသကနတ်ပန်း သို့မဟုတ် မည်စည်ပင်

မဇ္ဈူသကနတ်ပန်းပင် သို့မဟုတ် မည်စည်ပင်၏ ရုက္ခဗေဒအမည်မှာ *Madhuca Longifolia* ဟု ခေါ်တွင်ပြီး အမြဲစိမ်းအပင်ကြီးမျိုးဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ပေါပြင်းပြီး စိုထိုင်းမှုရှိသော ဒေသများတွင် အဓိကစိုက်ပျိုးကြကြောင်း၊ အစေ့များမှ အဆီထုတ်၍ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ထောပတ်တု၊ လောင်စာဆီများ ထုတ်လုပ်ကြကြောင်း၊ အပွင့်များမှ အချိုဓာတ်ရသဖြင့် တမီလ်လူမျိုး(Tamils) များက သကြားအစားထိုး ပစ္စည်းအဖြစ် အသုံးပြုကြကြောင်း၊ အစေ့ကြိတ်ဖတ်များကလည်း စိုက်ခင်းများအတွက် အလွန်ကောင်းမွန်သည့် သဘာဝမြေဩဇာများဖြစ်ကြောင်း သိရသည်။ မဇ္ဈူသကနတ်ပန်းပွင့် သို့မဟုတ် မည်စည်ပွင့်များမှ ဝိုင်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ယိုလုပ်ငန်းများတွင် ရနံ့သင်းပျံ့စေရန် အသုံးပြုခြင်း၊ မဇ္ဈူသကနတ်ပန်းအဆီတွင် Antioxidant နှင့် Vitamin ဓာတ်များစွာ ပါဝင်သဖြင့် ခန္ဓာကိုယ်အရေပြားအတွက် အထူးကောင်းမွန်ပြီး Skin Care Product များ ထုတ်လုပ်ခြင်းတို့တွင်လည်း အသုံးပြုကြောင်း သိရသည်။ မဇ္ဈူသကနတ်ပန်းရနံ့သည် မပြင်းလှဘဲ ထူးခြားသော ရနံ့မျိုးဖြစ်၍ အတိတ်ကာလကို ပြန်လည်သတိရတမ်းတစေနိုင်သော လက္ခဏာမျိုးရှိသည်ဟူ၍ပင် ညွှန်းဆိုထားကြောင်း တွေ့ရသည်။ ဆေးဖက်ဝင်ဂုဏ်သတ္တိအနေဖြင့်မူ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ ဖျားနာမှုကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကို သက်သာစေခြင်း၊ ဆီးချို၊ နှလုံးရောဂါများ ကာကွယ်ခြင်းတို့ကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်မှုတွင် ကာဗိုဟိုက်ဒရိတ် ၄၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ အဆီ ၄၀ ဒသမ ၉ ရာခိုင်နှုန်း၊ စိုထိုင်းဆ ၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ပရိုတိန်း ၃ ဒသမ ၀၅ ရာခိုင်နှုန်း၊ အမျှင် ၂ ဒသမ ၆၇ ရာခိုင်နှုန်း၊ Ash ၂ ဒသမ ၆၄ ရာခိုင်နှုန်း ပါဝင်ကြောင်းသိရသည်။ မဇ္ဈူသကနတ်ပန်းပင် သို့မဟုတ် မည်စည်ပင်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသများဖြစ်သော မန္တလေး၊ မုံရွာ၊ ကျောက်ဆည်တို့တွင်လည်းကောင်း၊ ပုပ္ပားဘက်တွင်လည်းကောင်း အများဆုံးတွေ့ရပေမည်။ ယခု ပုဂံ၊ ညောင်ဦးဒေသမှ ဈေးသည်လေးများအနေဖြင့် ပန်းပွင့်ကုန်ကြမ်းများကို ထိုဒေသများမှ ရယူခဲ့ကြောင်း သိရသည်။

### သင်တန်းပို့ချပေးမည်

ပုဂံမှပြန်လာချိန် ပြည်ထောင်စုဝန်ကြီးထံ သတင်းပို့ပြီး သင်တန်းဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးက အိတ်ပိတ်စက်ပါ ထောက်ပံ့ပေးရန် မှာကြားပါသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရည်ရွယ်ချက်များအတိုင်း မဇ္ဈူသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းသော ထုတ်ကုန်ပစ္စည်းဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစေရေးနှင့် မိသားစုဝင်ငွေတိုးရေး အစရှိသော ရည်ရွယ်ချက်များဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီ၏ အရိပ်အာဝါသအောက်တွင် နေရာတစ်ခုစီစဉ်၍ မဇ္ဈူသကနတ်ပန်း အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ခု ဖွင့်လှစ်ပေးပါမည်။ မျက်နှာသစ်ဆပ်ပြာခဲ၊ ဆံသားအားဖြည့်ဆီ၊ ခေါင်းလျှော်ရည်၊

စာမျက်နှာ ၁၁ သို့ ❍



အရှေ့ဖွားစောကျေးရွာ အဝင်လမ်းအား နှစ်ပေ မြေသားဒုတင်နေသည့်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**“မဇ္ဈူသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းသောထုတ်ကုန်ပစ္စည်းဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေးနှင့် မိသားစုဝင်ငွေတိုးရေး အစရှိသော ရည်ရွယ်ချက်များဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီ၏ အရိပ်အာဝါသအောက်တွင် နေရာတစ်ခု စီစဉ်၍ မဇ္ဈူသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ခု ဖွင့်လှစ်ပေးပါမည်။ မျက်နှာသစ်ဆပ်ပြာခဲ၊ ဆံသားအားဖြည့်ဆီ၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ယိုအမျိုးမျိုး၊ ဝိုင်၊ လက်ဖက်ခြောက်၊ ကြမ်းတိုက်ဆေးရည်များထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုနှင့် အညွှန်း၊ အမှတ်တံဆိပ်ဆိုင်ရာများ သင်ကြားပို့ချပေးခြင်းတို့ ဆောင်ရွက်ပေးပါမည်”**

❍ စာမျက်နှာ ၁၀ မှ

ရေချိုးဆပ်ပြာ၊ ယိုအမျိုးမျိုး၊ ဝိုင်၊ လက်ဖက်ခြောက်၊ ကြမ်းတိုက် ဆေးရည်များထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုနှင့် အညွှန်း၊ အမှတ်တံဆိပ်ဆိုင်ရာများ သင်ကြားပို့ချပေးခြင်းတို့ ဆောင်ရွက်ပေးပါမည်။ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ One Village One Product တစ်ခုအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ကြစေရန်ကိုလည်း ရည်ရွယ်ပါသည်။ သည်လောက်ဆိုလျှင် လောကနန္ဒာဘုရားဝင်းအတွင်းက မဥ္ဇူသကနတ်ပန်းသည်လေးများအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ စေတနာကို သဘောပေါက်ပါပြီ။

**ဗျတ္တပန်းဆက်လမ်းနှင့် အတွေးတစ်စ**

ပုဂံရာဇဝင်ထဲက လူစွမ်းကောင်း ဗျတ္တ တောင်တော်ရွှေပုပ္ပား၏ အခေါင်အဖျားဆီက မွှေးကြိုင်သောပန်းများ ဆွတ်ခူး၍ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးထံ ဆက်သခဲ့ရသည်ဆို၏။ ယင်းသို့ ဆက်သရာတွင် ဘုရားတင်ရန်ပန်းများ ပါဝင်သကဲ့သို့ ဆေးဖက်ဝင် မဥ္ဇူသကနတ်ပန်းများလည်း ပါဝင်ပေလိမ့်မည်။ သဘော်ပျက်ရာမှ ပျဉ်ပြားတစ်ချပ်ကို ဖက်တွယ်ရင်း အသက်ဘေးမှ လွတ်မြောက်ကာ သထုံမနူဟာမင်း၏ ဆရာတော် (ဗားမဲ့ဆရာတော်) ထံ ခိုလှုံလာသော ဗျတ်ဝိဗျတ္တ ညီနောင်နှစ်ဦး၊ ဆရာတော်မရှိခိုက် ဇော်ဂျီဖိုလ်ဝင်သားကို ခိုးစားပြီး ခားပြီး၊ တုတ်ပြီး၊ လုံ့ပြီး ကာယသိဒ္ဓိ တန်ခိုးတွေ ကြီးထွားလာသောအခါ မနူဟာမင်းက စိုးရိမ်၍ ဖမ်းဆီး၊ အစ်ကိုကြီးဖြစ်သော ဗျတ်ဝိနှင့် ချစ်သူ မအိုဇာတို့၏ ကွမ်းတစ်ယာ ရေတစ်မှုတ် ဇာတ်လမ်းကြောင့် ဗျတ်ဝိလည်းသေ၊ ဗျတ္တလည်း ပုဂံသို့ပြေးပြီး ကျန်စစ်သား၏ လက်အောက်၌ အမှုတော်ထမ်းရင်း အနော်ရထာမင်းထံ ပန်းတွေဆက်၊ ပုပ္ပားသူ မယ်ဝဏ္ဏနှင့် အိမ်ထောင်ကျပြီး သားနှစ်ယောက်ရ၊ အနော်ရထာမင်းကြီးက ကလေးများ ရေသုံးရန် ရွှေဖျဉ်းအိုးများ ချီးမြှင့်ခဲ့၍ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးဟု အမည်တွင်ခဲ့၊ စောလူးမင်းနှင့် ကစားဖက်များဖြစ်လာ၊ အဖေဖြစ်သူ ဗျတ္တ အမှုတော်ထမ်းရင်း ကွယ်လွန်ချိန်မှာ ရွှေဖျဉ်းညီနောင်တို့ကို သူရဲကောင်းများအဖြစ် မြှောက်စားခံရ၊ ရွှေဖျဉ်းညီနောင်တို့၏ အစွမ်းပြမှုကြောင့် အနော်ရထာမင်းအား လေးစားခန့်ညားသွားရသော တရုတ်ဘုရင်ဦးတည်ဘွားထံမှ ဗုဒ္ဓစွယ်တော်ပွားများ ရရှိပင့်ဆောင်လာချိန် ဖောင်တော်ဦး ဆိုက်ရပ်သွားခဲ့သော တောင်ပြုန်းဒေသမှာ ဘုရားတည်ဖို့ဖြစ်လာ၊ မင်းမှုထမ်းအားလုံး အုတ်တစ်ချပ် သဲတစ်ဆုပ်လှူရန် ဘုရင့်အမိန့်ချထားသော်လည်း အနော်ရထာမင်း၏ ချီးမြှင့်မြှောက်စားခြင်းခံရ၍ သောက်စားမူးယစ်နေသော ရွှေဖျဉ်းညီနောင်တို့ လှူရန်ပျက်ကွက်ပြီး ဘုရားမှာ အုတ်နှစ်ချပ်လပ်နေ၊ ပျက်ကွက်သူကို အပြစ်ပေးရန် အမိန့်ချလိုက်သောအခါ မနာလိုဖြစ်နေသော မှူးမတ်အချို့က ရွှေဖျဉ်းညီနောင်တို့၏ လည်မျိုကို တုတ်ဖြင့် ရိုက်သတ်ခဲ့ကြ၊ တစ်နေ့ ဘုရင် အနော်ရထာ တိုင်းခန်းလှည့်လည်စဉ် တောင်ပြုန်းအရပ်မှာ ဖောင်တော်ရပ်တန့်နေရာ ဟူးရားဖြူ ဟူးရားညိုတို့က ရွှေဖျဉ်းညီနောင် မင်းကြီးမင်းလေးနှစ်းပါး နတ်စိမ်းဖြစ်၍ ဆွဲထားကြောင်း လျှောက်တင်၊ အနော်ရထာမင်းကြီးက အုတ်နှစ်ချပ်လပ်နေသော ဆုတောင်းပြည့်စေတီတော်ရှိရာ ယခု တောင်ပြုန်းနယ်ကို ရွှေဖျဉ်းညီနောင်(မင်းကြီး၊ မင်းလေး) တို့အား အပိုင်စားပေးခဲ့သည်ဆို၏။ ဤသည်တို့ကား ပုဂံ၊ ပုပ္ပား၊ ဗျတ္တပန်းဆက်လမ်းနှင့် မဥ္ဇူသကနတ်ပန်း အကြောင်း စဉ်းစားရင်း စိကာရိကာပေါ်လာသော၊ ဖတ်ဖူးမှတ်ဖူးခဲ့သော ပုဂံရာဇဝင်ထဲက ဖြစ်ရပ်များ၊ ရာဇဝင်လား၊ ဒဏ္ဍာရီပေပဲလား၊ သို့တည်းမဟုတ် တုတ်ထမ်းပြီး ပြောရတော့မည်လား မသိတော့ပါ။

**မြင်းကပါခေတ်မီစံပြကျေးရွာ (Smart Village)**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ခေတ်မီစံပြကျေးရွာ (Smart Village) များ ထူထောင်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာသည် စံပြကျေးရွာအဖြစ် ရွေးချယ်ခြင်းခံရပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်းများ ပြုပြင်ခြင်း၊ အုတ်စီရေမြောင်းများ ဆောင်ရွက်ပေးခြင်း၊ Slab Culvert များ ပြုလုပ်ခြင်းတို့ကို လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရွာတွင်းလမ်း ပြုပြင်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ထူထောင်ထားသည့် စံပြကျေးရွာများအနက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလားအလာရှိသည့် ကျေးရွာများကို ဦးစားပေးအလိုက်ဖော်ထုတ်၍ လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြင်းကပါကျေးရွာသည် အာဆီယံနိုင်ငံများအတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးရွာကွန်ရက်ချိတ်ဆက်မှုအတွက် ကျေးရွာများ သတ်မှတ်ရွေးချယ်ရာ၌ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှ အင်းပေါခုံရွာနှင့်အတူ ပါဝင်လျက်ရှိသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ယွန်းထည်လုပ်ငန်းမြင့်မားတိုးတက်လာစေရေးကိုလည်း အားပေးကူညီဆောင်ရွက်ပေးရမည်။ ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် မနူဟာဘုရားအနီး ဓမ္မာရုံတစ်ခုတွင် ဖွင့်လှစ်သင်ကြားပေးနေသော ဧည့်လမ်းညွှန်၊ ဧည့်လမ်းပြသင်တန်းသို့ ဝင်ရောက်ကြည့်ရှုအားပေးရင်း ဆရာဦးသန်းဇော် (ရှေးဟောင်းသုတေသီ)နှင့်

> ❝ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ အဝင်လမ်းများ၊ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးရမည့် ကျေးရွာများထဲတွင် ကုန်းတန်းကြီး ကျေးရွာနှင့် ဖျောက်ဆိပ်ပင်ကျေးရွာများလည်း အပါအဝင်ဖြစ်၏။ ကုန်းတန်းကြီး ကျေးရွာ အဝင်လမ်းကမူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း လေးဖာလုံခင်းရန် ရန်ပုံငွေခွင့်ပြုထားပြီးဖြစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခု ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်သည်။ ကုန်းတန်းကြီးကျေးရွာအထိ ကျန်လမ်း ၁/၀ မိုင်ကိုလည်းကောင်း၊ ကုန်းတန်းကြီးလမ်းသို့ လာရောက်ဆက်သွယ်မည့် ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း သုံးဖာလုံကိုလည်းကောင်း ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးသွားမည် ❞



မြင်းကပါစံပြကျေးရွာ(Smart Village)၌ ဧည့်လမ်းညွှန်/ဧည့်လမ်းပြသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။

သင်တန်းသား သင်တန်းသူများကို နှုတ်ဆက်ခဲ့ပါသည်။

**ကုန်းတန်းကြီး၊ ဖျောက်ဆိပ်ပင်နှင့် သန့်စင်ကြယ်**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ကျေးရွာများ၏ အဝင်လမ်းများ၊ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးရမည့် ကျေးရွာများထဲတွင် ကုန်းတန်းကြီးကျေးရွာနှင့် ဖျောက်ဆိပ်ပင်ကျေးရွာများလည်း အပါအဝင်ဖြစ်၏။ ကုန်းတန်းကြီးကျေးရွာ အဝင်လမ်းကမူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း လေးဖာလုံခင်းရန် ရန်ပုံငွေခွင့်ပြုထားပြီးဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်သည်။ ကုန်းတန်းကြီးကျေးရွာအထိ ကျန်လမ်း ၁/၀မိုင်ကိုလည်းကောင်း၊ ကုန်းတန်းကြီးလမ်းသို့ လာရောက်ဆက်သွယ်မည့် ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း သုံးဖာလုံကိုလည်းကောင်း ကွန်ကရစ်လမ်းအဖြစ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကုန်းတန်းကြီး၊ ဖျောက်ဆိပ်ပင်နှင့် သန့်စင်ကြယ်ရွာများသည် ကုန်းတန်းကြီးကျေးရွာအုပ်စုတွင် ပါဝင်ပြီး စုစုပေါင်းအိမ်ခြေ ၈၃၂ အိမ်၊ မြေပဲ/ နှမ်း ဆီထွက်သီးနှံစိုက်ဧက ၄၂၀၀ ကျော် ရှိနေပေသည်။ ကုန်းတန်းကြီးကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်းလုပ်ငန်းအကြောင်းရှင်းပြပြီး ဆီထွက်သီးနှံစိုက်ပျိုးရေးကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးသမဝါယမအသင်းများဖွဲ့စည်း၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးနိုင်ရန် ညှိနှိုင်းမှာကြားခဲ့ပါသည်။

**အရှေ့ဖွားစော၊ အနောက်ဖွားစောနှင့် နတ်ကြိုအိုင်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည့် ကျေးရွာကိုးရွာမှ လမ်းများအနက် ပထမဦးစားပေး ခြောက်လမ်းထဲတွင် ပါဝင်နေသော အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့သွားသောလမ်းအား ဂျင်းကျောက်ခင်းခြင်းကို ပြီးခဲ့သည့် ဇွန်လထဲမှာပင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ လမ်းအရှည် ၁/၃ မိုင်အနက် အနိမ့်ပိုင်း ပေ ၅၂၄၀ ကို မြေသား နှစ်ပေဒုတင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုနှင့် ပေ ၈၀ ရေကျော်၊ ပေ ၅၀ ရေကျော်၊ ပေ ၁၅၀ ရေကျော် တည်ဆောက်ပေးမည့်နေရာတို့ကို လိုက်လံကြည့်ရှု၍ အချိန်မီပြီးစီးရေး၊ ယာဉ်/ ယန္တရားလိုအပ်ချက်၊ ရာသီဥတုနှင့် လုပ်ငန်းပမာဏကို တွက်ချက်ပြီး ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

အနောက်ဖွားစောရွာ၏ ရွာတွင်းလမ်း ၂ ဒသမ ၆၅ ဖာလုံကိုမူ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ရွာတွင်းလမ်းကိုကြည့်ရှုရင်း ကျေးရွာလူကြီးများနှင့် မိဖုရားဖွားစောအကြောင်း ပြောဖြစ်ခဲ့ကြသည်။ အနောက်ဖွားစောရွာတွင် အခြေခံပညာအလယ်တန်းကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းရှေ့၌ စံကိုက်ဘောလုံးကွင်းတစ်ကွင်း တွေ့ရ၍ ဆောင်ရွက်ပေးခဲ့သူများကို ကျေးဇူးတင်လေးစားမိသည်။ ကျောင်းတိုင်းတွင် အားကစားကွင်းတစ်ခုရှိဖို့ရာ လွယ်ကူသည်မဟုတ်ပါ။ ထိုရွာမှတစ်ဆင့် နတ်ကြိုအိုင်ကျေးရွာသို့ သွားခဲ့သည်။ ကနဦးတစ်ခေါက်က ရွာထိပ်ထိ မရောက်ခဲ့။ ထိုလမ်းပေါ်က ၂၀၂၄-၂၀၂၅ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ပေ ၆၀ x ပေ ၂၀ ရေကျော်အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှုခဲ့ခြင်းဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ ပြုပြင်ပေးရမည့် လမ်းအခြေအနေနှင့် ရေကျော်အမှတ်(၂) တည်ဆောက်မည့်နေရာတို့ကို လိုက်လံကြည့်ရှုခဲ့ပါသည်။ ရွာထိပ်သို့ ရောက်သောအခါ ဆိုင်းဘုတ်မှာ ရေးသားထားသောအမည်က နတ်ကြိုအိုင်ဟူ၏။ အောက်ကမြစ်မပါသဖြင့် နတ်ကြို့အိုင်ဟု ကျွန်တော်တို့ အခေါ်အဝေါ်လွဲနေတာ သတိပြုမိသည်။ အချို့ကလည်း နွားကြိုးအိုင်ဟု ခေါ်နေကြသည်။ စုက္ကတေးမင်းနှင့် စီးချင်းမထိုးမီ နတ်ကောင်း နတ်မြတ်များက အနော်ရထာမင်းအား ကြိုဆိုခဲ့ကြသည်ကို အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ဒေသခံတို့က ဆို၏။

**ပုဂံအလှရှာပုံတော်**

ရေတွက်လျှင်x x x ရွှေလက်ပင်ညောင်း x x x လှည်းဝင်းရိုးသံတညံညံ ပုဂံဘုရားပေါင်း x x x စာဆိုရှိသည် အဓိပ္ပာယ်လှယ်ယူမည် x x xလေးသန်းလေးသိန်းလေးသောင်း ခြောက်ထောင့်ခုနစ်ရာ သုံးဆယ့်သုံးဆူတည်ထား x x x ရှိခြားခဲ့ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကပင် ရေဒီယိုမှာ နားထောင်ခဲ့ရသည့် ပုဂံအလှရှာပုံတော် သီချင်း။ စန္ဒရားဦးလှထွတ် ရေးဖွဲ့သီကုံးပြီး တေးသံရှင်ကြီး ဒေါ်ချိုဝေလွင်က သီဆိုခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုစုဝေးရာအမှန် x x x ပုဂံမြို့အလှ x x x အဝေးကပင် မြင်နိုင်ပါသည်ဆိုသည့် တေးစာသားများ။ စုလစ်မွမ်းချွန် x x x လက်ရာမွန်သည် x x x မြန်မာနိုင်ငံမှသည် ကမ္ဘာပြိုင်စံရှားသည် x x x တွေ့မြင်သူတိုင်း လက်ဖျားခါလောက်သည် x x x အနုအလှ ပန်းပုပန်းချီ တုမမီနိုင်ပြီ x x x ပန်းရန်မှာ ဆိုလည်း အမှန်သာလို့ပဲ ယနေ့တိုင် အထင်အရှား x x x ဝင့်ကြွားစွာရှိသည် x x x ပုဂံမြို့လို့ နိုင်ငံတကာ ထင်ပေါ်သည် စသည့်တေးစာသားများကို သီဆိုထားသည့် အစ်မကြီး ဒေါ်ချိုဝေလွင်၏ အသံနှင့်အတူ ငယ်စဉ်ကပင် ပုဂံအလှကို မှန်းမျှော်၍ ရှာခဲ့ဖူးသည်၊ စိတ်ကူးဖြင့် ရောက်ခဲ့ဖူးသည်။ ယခုအခါတွင်မတော့ ပုဂံအလှကို ခံစားရုံသက်သက်မျှ မဟုတ်ဘဲ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များဖြင့် ပူးပေါင်းပါဝင် အလှဆင်ခွင့်ရခဲ့ပါပြီ။ ရွာတွင်းလမ်းများ သာသာယာယာဖြစ်အောင် ဖန်တီး ပုံဖော်ပေးမည်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လက်တွဲဆောင်ရွက်မည်။ ဒေသခံများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကိုလည်း တတ်စွမ်းသမျှ ထောက်ကူပေးမည်။ ကျွန်တော်ချစ်သော ပုဂံဒေသ အမြဲထာဝရ လှနေစေချင်ပါသည်။ ။

## မွန်ပြည်နယ် ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ပေါင် ဇူလိုင် ၂၇

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အလှပ်ကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်သည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒီရေတောသစ်မျိုးများဖြစ်သည့် သမဲ့ပင် ၅၀၀၊ ဖြူးခြေထောက်ပင် ၃၀၀ စုစုပေါင်း အပင် ၁၈၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ၌ ဒီရေတောသစ်မျိုးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယခင်ဒီရေတောပျိုးပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်အနေဖြင့် ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးအတွက် မြို့နယ်အသီးသီးတွင် ဒီရေတောသစ်ပင် ၁၃၈၀ အပြင် ကမ်းရိုးတန်း ဒေသများအတွက် ဒီရေတောသစ်ပင် ၅၂၅၀ နှင့် အရိပ်ရလေကာပင် ၁၀၃၀၀၊ လမုပင် ၁၈၀၀ စုစုပေါင်း အပင် ၂၂၀၈၀ ကိုလည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အလှပ်ကျေးရွာအုပ်စု ဆယ်အိမ်စု ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ရောဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၂) ဆင်းပွဲအခမ်းအနားကျင်းပ

ပုသိမ် ဇူလိုင် ၂၇

ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် ရောဝတီ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်ခင်နွယ်က တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကျင်းပပြုလုပ်သည့် အသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၂) ကို ဇူလိုင် ၂၂ ရက် မှ ၂၆ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း၊ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းသင်တန်းသား ၅၉ ဦးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ၊ အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းများ ကာကွယ် စောင့်ရှောက်ရေးဥပဒေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊ စီးပွားရေးစာချုပ်စာတမ်းများဆိုင်ရာ အသိပညာ၊ နိုင်ငံ့ဝန်ထမ်းဥပဒေတို့နှင့် စပ်လျဉ်း၍ ဥပဒေအရာရှိ ကိုးဦးက သင်ကြား ပို့ချပေးခဲ့ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး ဥပဒေချုပ်ဒေါ်ခင်ခင်နွယ်က သင်တန်းသားများ ကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဥမ္မာခင်က သင်တန်းဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဟိန်း(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သော မိုးစပါးစိုက်ကွင်းများအား ကွင်းဆင်းစစ်ဆေး

ဘီးလင်း ဇူလိုင် ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှ စတင်ပြီး ရပ်ကွက်၊ ကျေးရွာများ၌ ရေကြီးရေလျှံမှုဖြစ်ပွားကာ မိုးစပါးစိုက်ဧက ၂၃၉၈၅ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုတွင်ပါဝင်သော အနိုင်းပွန်ကျေးရွာနှင့် မုသင်ကျေးရွာ မိုးစပါးစိုက်ကွင်းများသို့ ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရေကြီးနစ်မြုပ်ခံရသည့် စပါးခင်းများ ထိခိုက်ပျက်စီးမှုရှိပါက မျိုးစပါးအမြန်ဆုံးရရှိ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်ပါက ပိုးမွှားနှိမ်နင်းရေးပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၂၅ စုမှ မိုးစပါးစိုက်ဧကစုစုပေါင်း ၂၃၉၈၅ ဧက နစ်မြုပ်ခံရကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ချောင်းဆုံမြို့နယ်၌ လင်းရောင်ခြည်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ချောင်းဆုံ ဇူလိုင် ၂၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လင်းရောင်ခြည် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ချောင်းဆုံ (အထက) သီရိရတနာခန်းမ၌ ကျင်းပရာ လင်းရောင်ခြည် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်း (ဥက္ကဋ္ဌ) ဦးသိန်းသန်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားကာ တာဝန်ရှိသူများက လင်းရောင်ခြည် ငွေစုငွေချေး သမဝါယမအသင်း ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားခြင်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များတင်ပြခြင်းနှင့် အတည်ပြုခြင်း၊ အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုး၊ အကျိုးဝေစုများအား ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်ငူမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ

တောင်ငူ ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းအခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ အသိပညာပေး ဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူမြို့နယ် ကျွန်းကုန်း အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသွယ်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲဝင်းက သစ်တောဦးစီးဌာန၏ ဆောင်ရွက်နေမှုများနှင့် သစ်ပင်စိုက်ပျိုးနေမှုများ၊ သစ်တောအမျိုးအစား ရှစ်မျိုးအကြောင်း၊ သစ်တောများ၏ ကောင်းကျိုးများ၊ ကျောင်းသားကျောင်းသူများက သစ်တောသစ်ပင်များအား ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးရန်တို့ကို အသိပညာပေး ဆွေးနွေးပြောကြားသည်။



ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀ ခန့်က ကျွန်း၊ ရေတမာ၊ ခရေ၊ စိန်ပန်းကြီး၊ ရင်းမာ၊ ကံ့ကော်၊ ပိတောက်၊ ယမနေ၊ မန်ဂျန်ရှား၊ ပိန္နဲ၊ ငုရွှေဝါ၊ ဗာဒံ၊ ကုက္ကို၊ ပျဉ်းမနှင့် စွယ်တော်စသည့် အပင် ၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရ သည်။ **ဇော်ကိုကို (တောင်ငူ)**

# ၂၀၂၄ ခုနှစ် ပါရီအိုလံပစ် အားကစားပြိုင်ပွဲ စတင်ဖွင့်လှစ်

ပါရီ ဇူလိုင် ၂၇

၂၀၂၄ ခုနှစ် ပါရီအိုလံပစ် အားကစားပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသည် အားကစားကွင်းအပြင်ဘက်တွင် ပထမဆုံးကျင်းပသည့် နွေရာသီအားကစားပြိုင်ပွဲဖြစ်သည်။

အားကစားသမားများသည် Seine မြစ်တစ်လျှောက်လှေများဖြင့် အိုလံပစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြသည်။

အမေရိကန်ပေါ့ပ် အဆိုပါတော် လေဒီဂါဂါနှင့် ပြင်သစ် အကသမားများက ဖွင့်ပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ သောမက်စ်ဘက်ချ်သည် အီဖယ်မျှော်စင်အနီး Trocadero တွင် မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ပြင်သစ်သမ္မတ မက်ခရွန်က အားကစားပြိုင်ပွဲဖွင့်လှစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။

အားကစားပြိုင်ပွဲများကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ယခင်က အိုလံပစ်ပွဲတော်ကို ၁၉၀၀ နှင့် ၁၉၂၄ ခုနှစ်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ယခုလအတွင်း သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည်အရေအတွက် ၁ ဒသမ ၁ သန်းရှိ

ကိုလံဘို ဇူလိုင် ၂၇

ယခုလအတွင်း သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည်အရေအတွက် ၁ ဒသမ ၁ သန်းခန့်ရှိပြီး လက်ရှိ ခရီးသည်ဝင်ရောက်မှုပမာဏအတိုင်း ဆက်ရှိနေပါက တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



သီရိလင်္ကာနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် အများဆုံးဝင်ရောက်သည့် စံချိန်ကို ရရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့် မြေယာဝန်ကြီးဌာနမှ အတွင်းရေးမှူး ဆိုမာရာသာနာ ဗီဒါနာပတ်သီရာနာက သမ္မတအိမ်တော်ရှိ မီဒီယာစင်တာ၌ ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၃ သန်းကျော်ရှိပြီး ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံခန့် ရရှိခဲ့ကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဥပါလီ ရတ်နာဘာခီက ပြောကြားသည်။

ယခုနှစ်တွင် ခရီးသွားကဏ္ဍ၌ အလုပ်အကိုင်ရရှိစေရန် ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇွန်လအတွင်း နိုင်ငံအတွင်းရှိ ရက္ခဗေဒဥယျာဉ်များသို့ ပြည်တွင်းခရီးသွား ၉၆၅၄၆၈ ဦးနှင့် နိုင်ငံခြားသားခရီးသွား ၁၈၃၆၇၄ ဦး လာရောက်ခဲ့ပြီး အဆိုပါအရေအတွက်သည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားသားခရီးသွား ၉၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း အမျိုးသားတိရစ္ဆာန်ဥယျာဉ်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဂျယာဆီကာရာက ပြောသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားဝင်ငွေရရှိစေသော လုပ်ငန်းတစ်ခုဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်အလယ်ပိုင်းတွင် အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုအတွင်း သေဆုံးသူ ၃၀ ရှိ

ဂါဇာ ဇူလိုင် ၂၇

ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်း အယ်လ်ဘာလာရှိ ဆေးရုံတစ်ရုံကို အစ္စရေးက ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်း ၃၀ ထက်မနည်း သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

**ထုတ်ဖော်ပြောကြား**

အစ္စရေးစစ်ဘက်က တိုက်လေယာဉ်များဖြင့် အဆိုပါဆေးရုံကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ပိုင် မီဒီယာရုံးက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့ပြီး အစ္စရေး၏ တိုက်ခိုက်မှုများသည် ဂါဇာရှိ ဆေးဘက်ဆိုင်ရာ အထောက်အပံ့များနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များအပေါ် ကြီးမားသောဖိအားများ ဖြစ်ပေါ်စေခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်ယူနစ်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၂၃ ဦးထက်မနည်း သေဆုံးပြီး ၈၉ ဦး ဒဏ်ရာရခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးသူ ၃၉၂၅၈ ဦး ရှိကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အလင်းသစ်**

# အပူချိန်မြင့်မားမှုကြောင့် အီရန်နိုင်ငံရှိ အစိုးရရုံးများနှင့် ဘဏ်များကို ဇူလိုင် ၂၈ ရက်တွင် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်

တီဟီရန် ဇူလိုင် ၂၇

အီရန်နိုင်ငံ၌ ရာသီဥတုပူပြင်းမှုကြောင့် အစိုးရရုံးများ၊ အဖွဲ့အစည်းများနှင့် ဘဏ်အားလုံးကို ဇူလိုင် ၂၈ ရက်တွင် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အီရန်အစိုးရက တရားဝင် ပြောကြားသည်။



နိုင်ငံသားများ၏ကျန်းမာရေးကို ကာကွယ်ရန်နှင့် ပြည်တွင်းစွမ်းအင်သုံးစွဲမှုကို စီမံခန့်ခွဲရန်အတွက် နိုင်ငံအတွင်းမကြုံစဖူး မြင့်မားသောအပူချိန်များ ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ယင်းကဲ့သို့ ဆုံးဖြတ်ချက်ချရခြင်း ဖြစ်သည်ဟု အီရန်အစိုးရက ပြောသည်။

သို့သော် အဆိုပါရုံးပိတ်ရက်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ အစိုးရရုံးအားလုံးသည် ဇူလိုင် ၂၇ ရက်ဒေသစံတော်ချိန် နံနက် ၆ နာရီမှ ၁၀ နာရီအထိ ၎င်းတို့၏ အလုပ်ချိန်ကို လျှော့ချခဲ့သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အီရန်နိုင်ငံသို့ ဝင်ရောက်လာသည့် အပူလှိုင်းတစ်ခုကြောင့် မြို့အများစုတွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သွားကြောင်း သိရသည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်း အီရန်မြို့တော် တီဟီရန်၌ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာခဲ့သည်။ မြို့တော်တီဟီရန်၌ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်များတွင် အပူချိန် ၄၁ ဒီဂရီ စင်တီဂရိတ်အထိ ဆက်လက်မြင့်တက်နေမည်ဟု မျှော်လင့်ရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း မြို့တော်တီဟီရန်၏ အရှေ့တောင်ဘက်ရှိ ဗာရာမင် စီရင်စုသည် ခရိုင်အတွင်း အပူဆုံးဒေသဖြစ်ပြီး အပူချိန် ၄၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံး ရောက်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်၏ ဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ငါးဘီလီယံထိရောက်ရှိရန် ခန့်မှန်းထား

ဟနွိုင်း ဇူလိုင် ၂၇

လက်ရှိဆန်တင်ပို့မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်မည်ဆိုပါက ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုတန်ဖိုးသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ ရှိလာနိုင်ကြောင်း ဆန်တင်ပို့သူတစ်ဦးလည်းဖြစ် GLE ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်လည်း ဖြစ်သူ ဗူတန်အမ်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၂၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဌာန၏ အဆိုအရ ယခုနှစ်အစမှ ဇူလိုင်လလယ်အထိ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၄ ဒသမ ၈ သန်းကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ပျမ်းမျှဆန်တင်ပို့မှု ဈေးနှုန်းသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၂ ဒသမ ၃ သို့ ရောက်ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ စားနပ်ရိက္ခာအသင်းဥက္ကဋ္ဌ ငုယင်ငေါ့နမ်က ဗီယက်နမ်နိုင်ငံ၏ ဆန်ကို အဓိကတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများဖြစ်ပြီး လက်ရှိတွင် ကမ္ဘာ့ဆန်ဝယ်လိုအားမှာ မြင့်မားနေဆဲဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံ၏ ဆန်အထွက်နှုန်းသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၄၃ သန်းကျော် ရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ ယင်းသည် ပြည်တွင်းစားသုံးမှုနှင့် ဆန်ကြမ်းတန်ချိန် ရှစ်သန်းကျော် တင်ပို့ရန် လုံလောက်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အလင်းသစ်**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်မြို့ အကျော် BOC ဆီဆိုင်အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ကီလိုဂရမ် ၂၀ ပါ ၆၃၅ အိတ်နှင့် ၂၅ ကီလိုဂရမ်ပါ အိတ် ၂၆၀၀၊ အာလူး ကီလိုဂရမ် ၂၀ ပါ အိတ် ၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SHACMAN Tractor Head သုံးစီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးနှင့် Toyota Mark II ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၈ ဒသမ ၆၅၄ တန်၊ သစ်မာ ၄ ဒသမ ၀၆၂ တန်၊ အခြားသစ် ၂ ဒသမ ၈၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၅၂၂၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ထော်လာဂျီတစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရ လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၄၅၂၂၀)ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် စက်မှုဇုန်လမ်းထိပ်၌ လိုင်စင်မဲ့ Toyota Land Cruiser တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၄၅၄၅၂၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Shwe C Chel” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မြတ်ချယ်အား မွန်းလွဲ ၂ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်)
**၀၆:၃၀** ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့အာဇာနည် တိပိဋကပါဠိပါဠိရူ ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပ္ပတ္တိ (တတိယပိုင်း)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၅** သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက်... စာကြည့်တိုက်
**၀၉:၁၅** နဝင်္ဂဥပါသထသီလပေးတရားတော်
**၀၉:၄၀** ကာတွန်းအစီအစဉ် **'ကျောက်တောင်၊ ကျောက်မျက်နှင့် ကျောက်တုံးမိန်းကလေး'** (အပိုင်း-၃)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၂၀** 'မိုး' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၅** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၃:၅၅** ဆေးရောင်စုံရုပ်ရှင် **'မင်းနဲ့မှချစ်တတ်ပြီ'**
**၁၆:၄၅** Sports Diary
**၁၇:၀၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၁၅** အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ် (3)
**၁၇:၄၅** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** အိုလံပစ်အားကစား (Highlight)(3)
**၁၈:၄၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၁၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၂၁:၂၀** ကြွေလည်းဝေမြဲတမ်းတဆဲ 'စာဆိုတော်အလင်္ကာကျော်စွာရွှေတိုင်ညွန့်' (၁၉၀၉-၁၉၄၅) (အပိုင်း-၃)
**၂၁:၄၅** မြန်မာဗီဒီယိုဇာတ်လမ်း **'ရှိုင်းနှင့်လေ'**

**mitv**

**07:01** Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:08** The Art of Sand Painting
**07:17** Kyaukse Cement Plant
**07:32** Healthy Diet: Keto Diet
**07:44** Ecotourism: Tamu And Hand Washing Lake
**08:01** News
**08:27** Global Updates; How climate change kills species
**08:34** Offering the Lotus Robe of its Kind
**09:01** The Journey of The Rose
**09:18** Today Myanmar; Myanma MSME with Productivity and Innovation (Bakery)
**09:31** International Art Collector Artist Tin Win (Beikthano)
**09:55** World Hepatitis Day (28th July)
**10:01** News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ခေါက်စားဟင်းလျာ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အရောင်အဆင်းဆိုင်ရာ ဝေါဟာရများ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဂေဟာစနစ်မပျက်ယွင်းကချင်ပြည်နယ်က အင်းတော်ကြီး

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာနေ(ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ထီလာပုဂံ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာဇီဝမျိုးနွယ်ဆုံဆည်းရာ

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ(ချင်းပြည်နယ်က အော်ဂဲနစ်စိုက်ပျိုးရေး)(အပိုင်း-၁)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၇)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
သာယာရှုမောဖွယ်ရမ္မာမြေ(အပိုင်း-၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၁၅** စူးစမ်းရှာဖွေရှုမြင်အမွေ
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ယုန်ကမတိုးပိုက်ကတိုး'**
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇)

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၁၅** ဖတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** New Flash
**၁၉:၀၀** ကျားလန်မမိုးတာတောတိုး(ဇာတ်လမ်း)
**၂၂:၀၀** Back to eden Gardening Documentary Film
**၂၃:၄၅** Small Farm Rising Family Farm Chores

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၀** Olympic Football Highlight
**၀၇:၄၅** Olympic Special
**၁၁:၀၀** အားကစားသတင်း
**၁၅:၄၅** မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Thitsar Arman FC Vs Shan United FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station(EPAS) – Haz–Scanner ၊ Air Quality Monitoring Station(AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh(Dust Analyzer– 1941150)၊ (Gas Analyzer– 1940150)၊ Portable Beta Attenuation Mass Monitor(BAM 1022)၊ Air Quality Monitoring Station(AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6"></td></tr>
<tr><td></td><td>၇</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့</td><td colspan="4">ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မတ္တရာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td>၁၂</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## AML/CFT ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

AML/CFT ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ပူးတွဲစနစ်(In–person/ Virtual)ဖြင့် ကျင်းပရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက အမှာစကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရှေ့နေ ရှေ့ရပ်များ လိုက်နာရမည့် AML/CFT ဆိုင်ရာ အချက်များကို ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၊ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ အခန်းကဏ္ဍ၊ ဆုံးရှုံးမှုအန္တရာယ် ချဉ်းကပ်လေ့လာခြင်းနှင့် သံသယဖြစ်ဖွယ်လွှဲပြောင်းမှုများ သတင်းပေးပို့ခြင်းတို့ကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ရဲမှူးကြီးမြင့်စိုး၊ AML/CFT ဆိုင်ရာ တာဝန်ရှိမှုနှင့် သတင်းပို့ အဖွဲ့အစည်းဖြစ်သည့် ရှေ့နေရှေ့ရပ်များက ကြီးကြပ်ရေးအာဏာပိုင်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုများအကြောင်းကို တရားလွှတ်တော် ရှေ့နေများကောင်စီဝင် ဒေါ်ခင်နုသာတို့က ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

**အောင်မြင့်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဟိုပုံး ဇူလိုင် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၈ နာရီက ဟိုပုံးမြို့အဝင်ဆိုင်းဘုတ်မှတစ်ဆင့် ဟိုပုံး-လွိုင်လင်ပြည်ထောင်စုလမ်းမကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ဟိုပုံးမြို့အဝင်ဆိုင်းဘုတ်မှတစ်ဆင့် ဟိုပုံး-လွိုင်လင်ပြည်ထောင်စုလမ်းမကြီး လမ်းဘေး ဝဲ/ယာရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းရှိ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ပင်လောင်းမြို့နယ် နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး အဆိုပါ စုပေါင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။



ယင်းကဲ့သို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## မင်းကင်းမြို့၌ ရေဘေးသင့်အိမ်ထောင်စု ၁၈၅ စုအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်

မင်းကင်း ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်၍ ပြောင်းရွှေ့ခဲ့ရသော ရေဘေးသင့်အိမ်ထောင်စုများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်ရိက္ခာပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ယွန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။



**အားပေးစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အားပေးစကားပြောကြားပြီး အမှတ်(၃)ရပ်ကွက်နှင့် ကျေးတောင်ဦးကျေးရွာတို့မှ ထောက်ပံ့ရန်လိုအပ်သည့် အိမ်ထောင်စု ၁၈၅ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၁၈၅ စုအတွက် ဆန် ၁၁ တင်းကိုးပြည် စုစုပေါင်း တန်ဖိုးငွေကျပ် ငါးသိန်း ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သဇင်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သဇင်ရောင်းဝယ် ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီက အဆိုပါ အသင်းရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ အစည်းအဝေးတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးရဲညွန့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးနိုင်က သမဝါယမလုပ်ငန်းစဉ်များနှင့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် အသင်းအမှုဆောင်အဖွဲ့က အသင်းလုပ်ငန်းအခြေအနေများကို အသင်းသားများသို့ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့်အကျိုးခံစားခွင့်ငွေများ စုစုပေါင်း ငွေကျပ် ၅၄၅၁၅၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ် ဩဂုတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၇ ရက်ခန့်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရှစ်ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ဝေနံမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုး/ဇလ

## စိန်နဂါးကြွေမြေဖန်ထည်စက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးကြွေမြေဖန်ထည် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမောင်မောင်သန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးနိုင်က ဧည့်သည်တော်အဖြစ် တက်ရောက်၍ သမဝါယမ လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကို အသင်းသားများသို့ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် အကျိုးခံစားခွင့်များကိုပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရေဘေးကာကွယ်ရေးတာများ

**ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟူသော ဆိုရိုးကဲ့သို့ပင် မုတ်သုံမိုးညို့ညို့နှင့်အတူ မြန်မာ့မြစ်ချောင်းအင်းအိုင်ရေပြင်တို့သည် ပြည့်လျှံဖွေးဖြူလျက်ရှိကြ၏။ မိုးရာသီသည် သစ်ပင်သီးနှံများ၊ ကောက်စိုက်တေးသံများဖြင့် သာယာသောကာလဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ရေလွှမ်းမိုးမှုဘေးအန္တရာယ်သည် ဤကာလ၏ အလေးထားရမည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်လျက်ရှိနေပါသည်။ ဇူလိုင်လအစတွင် မြစ်ဖျားပိုင်းမှ အစပြုခဲ့သော ဧရာဝတီမြစ်ရေကြီးမှုသည် ယခုအခါတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အောက်ပိုင်းတို့သို့ တဖြည်းဖြည်းပျံ့နှံ့ရောက်ရှိလာလျက်ရှိနေပါသည်။**

**အေးမြင့်ဆွေ(ဆည်/ရေ)**

ရေ၏အကျိုးစီးပွားသည် မကုန်နိုင်များပြားသကဲ့သို့ နူးညံ့ပျော့ပျောင်းသည်ထင်ရသော ရေ၏ အဖျက်စွမ်းအားသည်လည်း လွန်စွာကြီးမားပါသည်။ တွေ့ရှိမှုများအရ အလွန်လျင်မြန်စွာ စီးဆင်းလာသော ရေအနက် ခြောက်လက်မခန့်သည် လူတစ်ဦးအား လဲကျမျောပါသွားစေနိုင်သကဲ့သို့ ထိုရေအနက် နှစ်ပေခန့်သည် ကားတစ်စီးကို မျောပါသွားစေနိုင်ပါသည်။ ရေကြီးမှုဖြစ်ပွားပါက လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများပျက်စီးခြင်း၊ သီးနှံရိက္ခာများ ပျက်စီးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ အခြေခံစားသောက်ကုန်များ ဈေးတက်ခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားခြင်း စသည်ဖြင့် ဆိုးကျိုးများစွာတွေ့ကြုံရပါသည်။



ဇလွန်မြို့၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ အချက်အလက်များအရ ကမ္ဘာအနှံ့ ရေကြီးရေလျှံမှုဖြစ်စဉ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း နှစ်ဆခန့် ပိုမိုများပြားလာကြောင်း သိရှိရသည်။ ရေကြီးရေလျှံမှုများသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ချို့ယွင်းလာမှု၊ မြစ်ချောင်းများတိမ်ကောလာမှုစသည့်အကြောင်းတရားများစွာကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာလျက်ရှိသည်။ ထို့ကြောင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်း လုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ မျှဝေခြင်းတို့သည် များစွာအရေးကြီးလာပါသည်။

### ဆည်မြောင်းလုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေး

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ လူဦးရေထူထပ်သော မြို့ပြအများစုသည် အဓိက မြစ်ကြီးလေးစင်း၏ မြစ်ချောင်းကမ်းဘေး မြေနိမ့်လွင်ပြင်ဒေသများတွင် တည်ရှိကြခြင်းဖြစ်သည်။ ဧရာဝတီမြစ်သည်လည်း ရေစီးဆင်းမှု ကြီးမားမြန်ဆန်ခြင်း၏ ပထဝီဝင်ဝိသေသများဖြစ်ကြသော မြောက်ဘက် ရေခဲတောင်များ၊ တောင်ဘက် ဘင်္ဂလားပင်လယ် အော်မုန်တိုင်းများ၊ ကြီးမားကျယ်ပြန့်၍ ရေစီးမြန်သော မြင့်မားသည့် ရိုးမတောင်တန်းများကို ပိုင်ဆိုင်ထားလျက် မြန်မာနိုင်ငံ မြောက်ဖျားမှ တောင်ဘက်ပင်လယ်ဝအထိ ခက်ဖြာစီးဆင်းနေခြင်းဖြစ်ပါသည်။ ဧရာဝတီမြစ်၏ စုစုပေါင်း ရေဆင်းဧရိယာသည် ၁၅၆၀၀၀ စတုရန်းမိုင်ရှိ၍ မြန်မာတစ်နိုင်ငံလုံး၏ ၆၁ ရာခိုင်နှုန်းခန့်ရှိသည်ဖြစ်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ် များစွာဆိုးကျိုးသက်ရောက်မှုရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ရေအားအဆောက်အအုံ ၈၈၀ ကို စနစ်တကျထိန်းသိမ်းစီမံကာ စိုက်ပျိုးမြေဧရိယာ ဧက ၃၁ သိန်းကျော်ကို စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြစ်ရေကြီးခြင်းမှ ကာကွယ်ရန် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်း၊ ချောင်းရိုး၊ မြောင်းရိုးနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေလှောင်တမံတွင် ရေထိန်း၍ ထိန်းညှိရေလွှတ်ခြင်းများဖြင့်လည်း ရေဘေးအန္တရာယ်လျှော့ပါးရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာ ၂၃၁ ခု စုစုပေါင်း အလျား ၂၅၉၄ မိုင်ဖြင့် မြေဧရိယာ ဧက ၂ ဒသမ ၇၄ သန်းကျော်ကို ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးလျက်ရှိပါသည်။ မြစ်ကမ်းမြို့ရွာအသီးသီးတွင်လည်း ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ထားလျက်ရှိသည့်အနက် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ပို၍များပြားစွာ တွေ့ရှိရပါသည်။

### ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရေဘေးကာကွယ်ရေးတာများ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဆိုသည်မှာ မြန်အောင်မြို့အထက်ဘက် ၁၅ မိုင်ခန့်အကွာ ဆိပ်သာမြို့မှ အစပြု၍ ပင်လယ်ဝအထိ ဧရာဝတီမြစ်အောက်ပိုင်းအား ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဧရာဝတီမြစ်၏ အထက်ပိုင်းနှင့် အလယ်ပိုင်းသည် အရှေ့ဘက်နှင့် အနောက်ဘက်ကမ်း နှစ်ဖက်စလုံးရှိ မြင့်မားသော တောင်တန်းများအကြားမှ ကန့်သတ်လွင်ပြင်တွင် စီးဆင်းရ၍ အောက်ပိုင်းဧရာဝတီ မြစ်ဝကျွန်းပေါ်တွင်မူ အထူးညီညာပြန့်ပြူးသော လွင်ပြင်တစ်လျှောက် မြစ်ခွဲများအဖြစ် ခက်ဖြာစီးဆင်းပါသည်။ မြစ်ဝှမ်းတစ်ခုလုံးမှ တိုက်စားလာသော အနည်အနှစ်များပို့ချရာ မြေနုလွင်ပြင်ဖြစ်သောကြောင့် မြေဆီမြေနှစ်ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းကာ လူနေထိုင်မှု ထူထပ်များပြားသောဒေသဖြစ်ပါသည်။ သို့ရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်သည် ဧရာဝတီမြစ် ရေဆင်းဧရိယာအားလုံးမှ ရေများ၏ ထွက်ပေါက်ဖြစ်ခြင်း၊ အလွန်ညီညာပြန့်ပြူးခြင်း၊ မြေနုလွင်ပြင်ဖြစ်၍ ရေတိုက်စားလွယ်ခြင်း၊ မြစ်ကြောင်းပြောင်းခြင်း၊ အရှေ့တောင်အာရှ မြစ်ဝကျွန်းပေါ်များအနက် မိုးအများဆုံး မြစ်ဝကျွန်းပေါ်ဖြစ်ခြင်း၊ ပင်လယ်ဒီရေအတက်အကျနှင့် မုန်တိုင်းများ တွေ့ကြုံရသောဒေသဖြစ်ခြင်းတို့ကြောင့် ရေဘေးအန္တရာယ်ကို အခြားဒေသများထက် ပိုမိုတွေ့ကြုံခံစားရလေ့ရှိပါသည်။

ထို့ကြောင့် မြို့ရွာများနှင့် လယ်ယာမြေများကို ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများကို ရှေးယခင်ခေတ်များမှပင် တောင်သူလယ်သမားများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြပါသည်။ ၁၈၆၂ ခုနှစ် ဗြိတိသျှအစိုးရလက်ထက်မှစ၍ စနစ်တကျရေဘေးကာကွယ်ရေးတာများ စတင်တည်ဆောက်လာခဲ့ပြီး ကြံခင်းမြို့အနောက်ဘက်ကမ်းတာ၊ မြန်အောင်တာ၊ ငဝန်တာ၊ တဘူးချောင်းဝတာ၊ ဟသ်ာတတာ စသည်ဖြင့် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့ပါသည်။ ယခုအခါတွင် ဧရာဝတီမြစ်အရှေ့ဘက် ကမ်းတာ၊ ဧရာဝတီဟသ်ာတဘက် ကမ်းတာ၊ ညောင်တုန်းကျွန်းတာ၊ မအူပင်ကျွန်းတာ၊ တာဝ-ပါလှဲ့ကုက္ကိုဝတာ၊ သုံးခွကျွန်းတာ၊ ရွှေလောင်းကျွန်းတာ၊ လပွတ္တာကျွန်းတာ၊ ကြက်ဖမွေးဇောင်း ကျွတ်ပတ်တာများ စသည်ဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ် ရေဘေးကာကွယ်ရေးတာများသည် ရေဘေးကာကွယ်ရေးအတွက် များစွာအကျိုးပြုလျက်ရှိပါသည်။

ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ရာတွင် ရေကြီးမှတ်တမ်းနှင့် တွက်ချက်မှုများအရ ဒီဇိုင်းရေကြီးမှတ်(Design Flood Level) အထက်တွင် ရေလွှတ်အမြင့် (Free Board) ပေါင်းထည့်၍ တာထိပ်အမြင့် A.C.L (Authorised Crest Level) ကို သတ်မှတ်ပါသည်။ အောက်ခံနှင့် ဖို့မြေ နှစ်မျိုးစလုံး၏ မြေသားသိပ်သည်းမှု၊ လုံလောက်သော တာဖြတ်ပိုင်း အကျယ်ရှိမှု၊ တာပေါင်ဘေးနှစ်ဖက် လျှောစောက်များ တည်ငြိမ်ခိုင်မြဲမှုတို့သည်လည်း ရေဘေးကာကွယ်ရေးတာများ ခိုင်ခံ့မှုအတွက် လွန်စွာအရေးကြီးပါသည်။ မြစ်ကြောင်းပြောင်းလဲမှုကြောင့် ရေဦးထိုးခြင်းမှ ကာကွယ်နိုင်ရန်လည်း စနစ်တကျတွက်ချက်၍ တာအူကြောင်းနေရာ သတ်မှတ်ရန်လိုအပ်ပါသည်။

### ရေဘေးကာကွယ်ရေးတာများ ထိန်းသိမ်းခြင်း

တာတမံနိမ့်ကျမှုကြောင့် ရေကျော်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်း၊ ရေပေါက်(ထူးပေါက်) ပေါက်ခြင်း စသည်တို့သည် ရေဘေးကာကွယ်ရေးတာများ ပျက်စီးရခြင်း၏ အကြောင်းရင်းများဖြစ်ကြပါသည်။ ရေဘေးကာကွယ်ရေးတာများကို ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် တာတမံဥပဒေ၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

မိုးရာသီတွင် တာအလျားအလိုက် တည်နေရာအပေါ်မူတည်၍ရေကင်းတဲများ တည်ဆောက်ထားရှိပြီး ရေကင်းလှည့်ဇယားကို စနစ်တကျရေးဆွဲ၍ ရေကင်းလှည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ရေကင်းအရာရှိများသည် ရေကင်းစခန်းတွင် ရှိနေပြီး အချိန်နှင့်တစ်ပြေးညီ တာတမံ၏ အခြေအနေကို စောင့်ကြည့်စစ်ဆေး သတင်းပို့ကြပါသည်။ ရေမှတ်စခန်းများရှိ ရေမှတ်တိုင်များ၏ ရေအမှတ်တိုင်းတာဖတ်ရှုခြင်းနှင့် မှတ်တမ်းစာအုပ်တွင် ရေးသားခြင်း၊ ရေမှတ်တိုင်များ ခိုင်ခံ့မှုရှိ၊ မရှိနှင့် ရေမှတ်တိုင်ရှိ ရေမှတ်ကိန်းဂဏန်းများ တိကျမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုံမှန်အခြေအနေတွင် နေ့စဉ်နံနက် ၆ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၆ နာရီ တစ်နေ့လျှင် သုံးကြိမ် ရေမှတ်များ မှတ်သားခြင်း၊ သတ်မှတ်ထားသည့် စိုးရိမ်ရေမှတ်သို့ ရောက်ရှိပါက ၂၄ နာရီ နာရီစဉ်ရေမှတ်ဖတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများပူးပေါင်းပါဝင်သည့် ရေကင်းစောင့်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ရေကြီးရေလျှံမှု၊ အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ကာကွယ်ဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန်အတွက်လည်း မိုးရာသီတွင် ဒေသစိတ်များအလိုက် ရေကင်းစခန်းများတွင် အရေးပေါ်တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊ တည်ဆောက်ရေးယာဉ် စက်ယန္တရားများ၊ အလုပ်သမားများ ကြိုတင်ပြင်ဆင်ထားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တာတမံတစ်လျှောက် ဒေသစိတ်အလိုက် အနီးရှိ ကျေးရွာများမှ ရရှိနိုင်မည့် အရေးပေါ်ပစ္စည်းများ၊

**စာမျက်နှာ ၁၉ သို့ ✳**

> **❛ မြို့ရွာများနှင့် လယ်ယာမြေများကို ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများကို ရှေးယခင်ခေတ်များမှပင် တောင်သူလယ်သမားများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြပါသည်။ ယခုအခါတွင် ဧရာဝတီမြစ်အရှေ့ဘက် ကမ်းတာ၊ ဧရာဝတီဟသ်ာတဘက် ကမ်းတာ၊ ညောင်တုန်းကျွန်းတာ၊ မအူပင်ကျွန်းတာ၊ တာဝ-ပါလှဲ့ကုက္ကိုဝတာ၊ သုံးခွကျွန်းတာ၊ ရွှေလောင်းကျွန်းတာ၊ လပွတ္တာကျွန်းတာ၊ ကြက်ဖမွေးဇောင်း ကျွတ်ပတ်တာများ စသည်ဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ရေဘေးကာကွယ်ရေးတာများသည် ရေဘေးကာကွယ်ရေးအတွက် များစွာအကျိုးပြုလျက်ရှိ ❜**

* စာမျက်နှာ ၁၈ မှ

သယ်ပို့ယာဉ်၊ ရေယာဉ်နှင့် လူအင်အားစာရင်းတို့ကိုလည်း ကြိုတင်ပြင်ဆင်ဆက်သွယ်ထားခြင်း၊ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားပါက ကယ်ဆယ်ရေးလမ်းကြောင်းနှင့် ကယ်ဆယ်ရေးစခန်းများ အရေးပေါ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ပူးပေါင်းကူညီခြင်း၊ ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan –EPP) ပြင်ဆင်ထားခြင်း၊ အများပြည်သူသို့လည်း သတင်းစာ၊ ဌာန Website စာမျက်နှာများမှတစ်ဆင့် အသိပေးမှုဝေခြင်းတို့ကို ဆောင်ရွက်ထားရှိပါသည်။

တာတမံနိမ့်သောနေရာများတွင် ကန်သင်းဆင့်ခြင်း၊ သဲအိတ်ချခြင်း၊ တာအိတာလျှောသော နေရာများတွင် တုတ်တန်းရိုက် သဲအိတ်ချကာကွယ်ခြင်း၊ သဲဗွက်ထခြင်းနှင့်ရေပေါက်(ထူးပေါက်) ပေါက်သောနေရာများတွင် အရေးပေါ်ရေခွေ ခွေခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ရေဘေးကာကွယ်ရေးအတွက် ဒေသခံပြည်သူများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် မြို့နယ်အလိုက် သရုပ်ပြပွဲ၊ ဟောပြောပွဲများကို ကျင်းပ၍ ရေဘေးကာကွယ်ရေးနည်းလမ်းများ ပညာပေးမှုဝေခြင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan – EPP) ကို ရှင်းလင်းတင်ပြခြင်း၊ ရေဘေးကာကွယ်ရေးနည်းလမ်းများ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**အရေးပေါ်အခြေအနေ အဆင့်အတန်းသတ်မှတ်ခြင်း**

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan – EPP) အရ ရေဘေးကာကွယ်ရေးတာတမံများ၏ ထူးခြားသော အခြေအနေများကို ဒေသခံပြည်သူများသို့ အသိပေးကြေညာရာတွင် အရေးပေါ်အခြေအနေ အဆင့် (၃) ဆင့်ဖြင့် ပိုင်းခြားသတ်မှတ်ထားပါသည်။

**(က) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၁) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် တာတမံတစ်ခုချင်းအလိုက် သတ်မှတ်ထားသော စိုးရိမ်ရေမှတ်သို့ရောက်ရှိခြင်း၊ တာတမံကိုယ်ထည်၏ အောက်ဘက် (Downstream) ပိုင်းမှ ရေစိမ့်ထွက်ခြင်းနှင့် ရေပေါက် (ထူးပေါက်)များဖြစ်ပေါ်ခြင်း၊ သဲဗွက်များဖြစ်ပေါ်လာခြင်း၊ တာတမံကိုယ်ထည်တွင် ရေစိမ့်ထွက်မှုမရှိသေးသည့် အက်ကြောင်းများဖြစ်ပေါ်လာခြင်း၊ တာတမံထိပ်မျက်နှာပြင်နိမ့်ကျခြင်း၊ တာတမံဘေးလျှောစောက်များလျှောကျခြင်း၊ တာတမံ၏ အနီးပတ်ဝန်းကျင်ဧရိယာအတွင်းတွင် ငလျင်လှုပ်ခတ်ခြင်း၊ တာတမံ၏ကြံ့ခိုင်မှုအား စိုးရိမ်ဖွယ်မရှိသည့် အဖျက်အမှောင့်လုပ်ငန်းတစ်ခုခု ဖြစ်ပေါ်ခြင်း (ဥပမာ–ပုံးဖောက်ခွဲခြင်း)။



ဇူလိုင် ၂၂ ရက်က ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြန်အောင်မြို့ မကျီးစုတာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်။

တာတမံ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခြင်း၊ မရောက်ရှိသေးသော်လည်း တာတမံတွင် ထူးခြားသည့် အခြေအနေများဖြစ်ပေါ်ပါက အရေးပေါ်အခြေအနေ အဆင့်–၁ အဖြစ် သတ်မှတ်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသောနေရာများနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံအား လွှင့်ထူထားမည်ဖြစ်ပါသည်။

**(ခ) အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၂) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် တာတမံ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်မြင့်တက်လာပြီး လက်ရှိတာထိပ်(Existing Crest Level – ECL) သို့ ရောက်ရှိရန် တစ်ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လာမည့် အခြေအနေရှိခြင်း၊ အရေးပေါ်အခြေအနေ အဆင့်–၁ တွင် ဖော်ပြထားသော တာတမံကိုယ်ထည်ထိခိုက်မှုများ ပိုမိုပြင်းထန်လာပြီး ရေစိမ့်ထွက်မှုများပြားလာခြင်းနှင့် ရေနောက်များ ထွက်လာခြင်း။

ဤအခြေအနေတွင် အရေးပေါ်အခြေအနေ အဆင့်–၂ အဖြစ် သတ်မှတ်၍ ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသောနေရာများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံကို လွှင့်ထူထားမည်ဖြစ်ပါသည်။ အသံချဲ့စက်များဖြင့်လည်း လှည့်လည်ကြေညာမည်ဖြစ်ပါသည်။

**(ဂ) အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု(အဆင့် – ၃) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် ဆက်လက်မြင့်တက်လာပြီး တာတမံကိုယ်ထည်ပေါ် ရေကျော်၍ တာတမံကျိုးပေါက်နိုင်မည့်အခြေအနေရှိခြင်း၊ တမံကိုယ်ထည်အောက်ဘက်ပိုင်း ရေစိမ့်မှုသည် ထိန်းချုပ်မရသည်အထိ ပိုမိုများပြားလာခြင်း၊ အရေးပေါ်အခြေအနေ အဆင့်–၂ တွင် ဖော်ပြထားသော တာတမံကိုယ်ထည်ထိခိုက်မှုများ ပိုမိုပြင်းထန်လာပြီး ရေစိမ့်ထွက်မှုလွန်စွာများပြားလာခြင်းနှင့် တာတမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း။

ဤပြင်းထန်သောအခြေအနေတွင် အရေးပေါ်အခြေအနေ အဆင့်–၃ အဖြစ် သတ်မှတ်၍ ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသောနေရာများနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင်အလံအား လွှင့်ထူထားမည်ဖြစ်ပါသည်။ အသံချဲ့စက်များဖြင့်လည်း လှည့်လည်ကြေညာမည်ဖြစ်ပါသည်။

အရေးပေါ်အခြေအနေများအလိုက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် ကြိုတင်ရွေးချယ်စီမံထားသော ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်ရန် သတိပေးနှိုးဆော်ခြင်းများကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တာတမံကြံ့ခိုင်မှုအတွက် အရေးပေါ်ကာကွယ်ဆောင်ရွက်ရမည့်အစီအမံများ (ဥပမာ – ရေခွေခွေခြင်း၊ မိုးကာစဖုံးအုပ်ခြင်း၊ တမံကိုယ်ထည်၏ အနောက်ဘက်မှ အရေးပေါ်တုတ်တန်းရိုက်၍ မြေဖို့ခြင်း စသည်ဖြင့် ...) ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ရာတွင် ဤသို့အရေးပေါ်အခြေအနေအစီအမံများ ဖော်ပြခြင်းသည် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန်နှင့် ဒေသခံပြည်သူ လူထုအား ဆက်သွယ်အသိပေးရန် ဌာန၏ကြိုတင်ပြင်ဆင်ထားမှုကို ရှင်းလင်းသိရှိစေရန် မျှဝေဖော်ပြခြင်းသာဖြစ်ပါသည်။ တာတမံများကျိုးပေါက်ခြင်း ပြင်းထန်သောအခြေအနေများသည် ဖြစ်တန်စွမ်းနည်းပါးသည့် အခြေအနေများဖြစ်၍ ပြည်သူများအနေဖြင့် တာတမံများ ကျိုးပေါက်ခြင်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု များစွာမကြီးကြပါရန်လည်း အသိပေးတင်ပြအပ်ပါသည်။

ရေဘေးအန္တရာယ်များအား ရင်ဆိုင်ရာတွင် များစွာလျှော့တွက်ခြင်း၊ လွန်စွာကြိုတင်စိုးရိမ်ပူပန်ခြင်းဟူသည့် အစွန်းနှစ်ဖက်ကိုရှောင်၍ သတင်းများစောင့်ကြည့်လေ့လာခြင်း၊ ဘေးအန္တရာယ်သတိပေးချက်များလိုက်နာခြင်း၊ လိုအပ်လာသည့်အချိန်တွင် အရေးပေါ်ဆေးဝါး၊ အစားအသောက်များ ပြင်ဆင်ထားခြင်း စသည်ဖြင့် လက်တွေ့ကျသော တုံ့ပြန်ကာကွယ်မှုများဖြင့် ရင်ဆိုင်သင့်ပါသည်။

သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်တုံ့ပြန်ရာတွင် အစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်စီမံခန့်ခွဲမှုနှင့် အလျင်အမြန်တုံ့ပြန်ကူညီဆောင်ရွက်နိုင်မှု၊ ပြည်သူလူထု၏ သတင်းအချက်အလက် နားထောင်၍ အချင်းချင်းမျှဝေတတ်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိဗဟုသုတ ပြည့်စုံမှုတို့သည်သာ ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်သည့် အရေးကြီးသွန်းကိန်းများဖြစ်ရာ သတိနှင့်ဉာဏ်ပညာယှဉ်သော စိုးရိမ်ရင်ဆိုင်ဆောင်ရွက်မှုများဖြင့် ရေဘေးအန္တရာယ်ထိခိုက်မှုများမှ လျော့ပါးသက်သာကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

## ပဲခူးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်အနိမ့်ပိုင်းနေရာများ ရေဝင်ရောက်

ပဲခူး ဇူလိုင် ၂၇

ပဲခူးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ကျွန်းသာယာ၊ မြို့သစ်၊ ကျောက်ကြီးစု၊ ပြင်စီ၊ ရွာသစ်၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ကလျာဏီရပ်ကွက်တို့ အတွင်း ရေဝင်လျက်ရှိပြီး ပဲခူးမြစ်ရေသည် ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၈၈ စင်တီမီတာအထက် ၉၂၆ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေသည်။

မြစ်ရေကြီးမှု အန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အရန်သင့် စီစဉ်ထားရှိကြောင်းနှင့် လက်ရှိတွင် မြစ်ရေများ အဆက်မပြတ် ဝင်ရောက်လျက်ရှိသော ရပ်ကွက်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးစုတာနှင့် ပန်းလှိုင်တာတို့အား တာပေါင်များကြံ့ခိုင်ရေးနှင့် ရေကျော်မှုဖြစ်ပါက ကြိုတင်ကာကွယ်ရေးအတွက် သဲအိတ်များ ကာရံခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဝတ္ထုတို

## ကိုရွှေတောသား(ဆင်ကူး)




(၁)

"အမယ်လေး အမေရဲ့ သားမိုက်ကြီးကို ထားခဲ့ပြီလားဗျ"

အလောင်းစင်နားတွင် လူတစ်ယောက်ဟစ်အော်၍ ငိုနေ၏။ ကွယ်လွန်သူ မိခင်အား နှမြောတသဖြင့် ငိုနေခြင်းဖြစ်သည်။ ငိုနေသူကား အရက်သမား ဖိုးတုတ်ဖြစ်သည်။

"အဲဒါပဲ ထွန်းမောင်ရေ မိဘဆိုတာရှိနေတုန်း တန်ဖိုးထားရမှာ မိဘတွေ မရှိတော့မှ တပြီးငိုနေတော့လည်း ငိုနေတာပဲရှိတော့မှာပေါ့"

ဦးထွန်းရင်က ဖိုးတုတ်ကိုကြည့်၍ စကားဆိုသည်။ ထွန်းမောင်က ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

"ဖိုးတုတ်တို့ မလိမ္မာလို့ မမျှင်ခင်မျာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာတာ''

"ဟုတ်တယ် ကိုသာဆန်းရေ တကယ်တော့ မမျှင်တို့ ကျွန်တော်တို့ဆိုတာ သက်တူရွယ်တူ တစ်တန်းတည်းပဲ အရွယ်ကောင်းကြီးတွေရှိသေးတာ"

"လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေတဲ့ဗျ၊ ကိုထွန်းရင်ရေ မမျှင်ရဲ့ဘဝက ယောကျ်ားရှိတုန်းကလည်း ယောကျ်ားဖြစ်သူအရက်သမားရဲ့ ဆိုးတဲ့မိုက်တဲ့ဒဏ်တွေခံခဲ့ရ၊ ဟော ယောကျ်ားမရှိတော့လည်း သူ့ဘဝအရက်သမားရဲ့ ဝဋ်တွေကျွတ်ပြီလားမှတ်တယ် မွေးထားတဲ့သားကပိုဆိုး သောက်လိုက်တဲ့အရက်ရိုက်လိုက်တဲ့ ဖဲဘာအလုပ်မှလည်း မည်မည်ရရမလုပ်၊ ညနေမိုးချုပ်မှ အိမ်ပြန်ရောက်၊ အိမ်ရောက်တော့ အမေဖြစ်သူချက်ပြုတ်ထားတာ အဆင်သင့်စားတဲ့ကောင်က ဘာဟင်းမကြိုက်ဘူး ညာဟင်းမကြိုက်ဘူး လုပ်လိုက်သေးနဲ့ မမျှင်ဘဝက သနားစရာပါဗျာ"

ဦးထွန်းရင်နှင့် ဦးသာဆန်းက ဖိုးတုတ်ကို ကြည့်၍ စကားဖောင်ဖွဲ့နေကြသည်။ ထွန်းမောင်က သူတို့ပြောသမျှ နားထောင်နေသည်။

"အခုတော့ မမျှင်လည်း မရှိတော့ဘူး အဲဒီကောင်ဖိုးတုတ် သူ့ဘဝဘယ်လိုရှေ့ဆက်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

"ဟုတ်တယ် ကိုထွန်းရင်ရေ သူ့ဦးလေးတွေကလည်း ဒီလိုပြောမကောင်းဆိုမကောင်း အရက်သမား ဖဲသမားကို အိမ်ပေါ်ခေါ်တင်ထားမယ့်ပုံတော့ မပေါ်ဘူးဗျ"

"ဘယ်က ကြံကြီးစည်ရာ ကိုသာဆန်းရာ မမျှင်ရှိတုန်းကတောင် တူတစ်ယောက်ရယ်လို့ အဖက်မလုပ်ခဲ့တာ ခုဆိုပိုဆိုးနေမှာ"

"အဲဒါတစ်ခုတော့ ဒီကငါ့တူကြီးထွန်းမောင်ကို သဘောကျတယ်ဗျို့''

"ဟုတ်တာပေါ့ ကိုသာဆန်းရာ ထွန်းမောင်က ခုချိန်အထိ လူပျိုကြီးလုပ်ပြီး မိဘကို လုပ်ကျွေးပြုစုနေတာ မဟုတ်လား"

ဦးသာဆန်းနှင့် ဦးထွန်းရင်က ထွန်းမောင်ကို ချီးမွမ်းစကားဆိုကြသည်။ ထွန်းမောင်တစ်ယောက် တပြုံးပြုံးဖြစ်နေသည်။ ဦးသာဆန်းနှင့် ဦးထွန်းရင်၏စကားများကို နားထောင်ရင်း ထွန်းမောင်မှာ အတွေးများဖြင့် ပီတိဖြစ်နေသည်။

(၂)

"ဟော့ကောင် ထွန်းမောင်လာကွ ဒီမှာ အမြည်းကလည်းကောင်း အရက်လေးကလည်းကောင်း"

လှကျော်နှင့် မြဝင်းက ဝိုင်းဖွဲ့ကာ အရက်သောက်နေကြရင်း ထွန်းမောင်ကို ပါခေါ်နေသည်။ သူတို့အားလုံးသည် နေ့စားခဖြင့် အလုပ်ဝင်နေကြသော ဆောက်လုပ်ရေး အလုပ်သမားများဖြစ်သည်။ တစ်နေ့လျှင် ကျပ်တစ်သောင်းဝန်းကျင် ရရှိသည်။ ထွန်းမောင်သည် ရသမျှနေ့စားခ ပိုက်ဆံကို မသုံးရက်မစားရက်ဖြင့် ချွေတာစုဆောင်း၏။ အရက်သေစာ သောက်စားရန်ဝေးစွ။ ဆေးလိပ်တစ်တို၊ ကွမ်းတစ်ယာကိုပင် မြည်းစမ်းသူ မဟုတ်ပါချေ။

"သောက်သောက်စားစား လူ့မင်းသားတဲ့ကွ ထွန်းမောင်ရ"

"ဟုတ်တယ် မြဝင်းပြောတာမှန်တယ် သောက်သောက်စားစား လူ့မင်းသား အဲပြီးတော့ တစ်ခုရှိသေးတယ်၊ အဲဒါကမသောက်မစား လူ့ငနွားတဲ့ကွ ဟား....ဟား...ဟား"

လှကျော်က သူ့စကားကို သူ သဘောကျစွာပြောရင်း ထွန်းမောင်ကို ကြည့်၍ လှောင်ရယ်ရယ်သည်။ ထွန်းမောင်က စိတ်မဆိုးတတ်။ ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းများ ဖြစ်သည်။

"တော်ပါကွာ မင်းတို့ပဲ သောက်ကြစားကြပါ ငါအဲဒါတွေ မလုပ်တတ်မှန်း မင်းတို့လည်း သိသားနဲ့"

"သိပ့်ါကွာ ငါတို့သူငယ်ချင်း သူတော်ကောင်းကြီးကို... ဟား...ဟား..."

"ဒါနဲ့ ငါ့သူငယ်ချင်း ထွန်းမောင်ကို ငါတော့ လေးစားတယ်၊ လှကျော် မင်းပဲ စဉ်းစားကြည့်လေ ဒီအသက်ဒီအရွယ်အထိ ရိုးရိုးသားသားနဲ့ မိဘကို ပြုစုလုပ်ကျွေးနေတာ"

"အဲဒါတော့ ဟုတ်တယ် မြဝင်းရေ၊ သူက မိဘမွေးရကျိုးနပ်တဲ့ သားအလိမ္မာလေး၊ မင်းတို့ကသာ သားဆိုးသားမိုက်တွေပါကွာ ငါ့အမေကို သတိရလိုက်တာကွာ''

"ဝမ်းနည်းမနေပါနဲ့တော့ မြဝင်းရာ တကယ်တော့ ငါကမင်းထက်ပိုပြီး မိုက်ခဲ့တဲ့ သားဆိုးသားမိုက် တစ်ယောက်ပါကွာ ဩော် အမေက ငါ့ကိုပညာတတ်ကြီးဖြစ်ပါစေဆိုပြီး ရှိစုမဲ့စုငွေလေးတွေနဲ့ ကုတ်ခြစ်စုဆောင်းပြီး မြို့ကကျောင်းအထိ ပညာသင်ပေးခဲ့တာ၊ ငါကလေ မြို့ရောက်တော့ ပညာကောင်းကောင်းမသင်ဘဲ အပျော်အပါးတွေနဲ့ အချိန်တွေကုန်နေခဲ့တာ ငါ့အတွက်နဲ့ အမေ့ခင်မျာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ခဲ့ရတာ၊ အမေနေမကောင်းတဲ့ အချိန်မှာတောင် ငါကအမေ့အနားရှိမနေခဲ့ဘူး မြဝင်းရာ၊ ငါကသာ သားဆိုးသားမိုက်ပါကွာ" ပြောပြောဆိုဆို မြဝင်းကို ဖျောင်းဖျနှစ်သိမ့်ပေးနေသည့် လှကျော်ကပါ ရော၍ငိုသည်။

"တကယ်တမ်းကြတော့ မင်းတို့တွေက အမှားကို အမှားမှန်းလည်း သိကြပါတယ်၊ ဒါပေမဲ့ ဘာကြောင့် မင်းတို့အမှားကို မင်းတို့ မပြင်နိုင်ခဲ့ကြတာလဲ"

ထွန်းမောင် စကားကြောင့် ငိုနေကြသည့် အရက်သမားနှစ်ယောက် ငြိမ်ကြသွားသည်။ ထွန်းမောင်က သူ့စကားကို ဆက်ပြီးပြောသည်။

"လူဆိုတာ အမှားနဲ့ မကင်းပါဘူးကွ၊ အေး အဲဒီအမှားကို အမှားမှန်းသိရင်အမှန်ကိုရောက်အောင် ပြင်ကြဖို့ပဲ လိုတာပါကွာ"

(၃)

"ဟ ငါ့တူကြီး ထွန်းမောင် ငြိမ်နေပါ့လား"

ဦးထွန်းရင်စကားကြောင့် ထွန်းမောင် အတွေးများ ရပ်သွား၏။

"မအေးမြင့်တောင် ကျန်းမာရေး အတော်ကောင်းလာတယ်နော်ထွန်းမောင်''

"ဟုတ်ကဲ့ ဦးကြီး"

"ကောင်းဆို ကိုထွန်းရင်ရေ ထွန်းမောင်က အမေဖြစ်သူကို ဂရုစိုက်တာကိုးဗျ"

"ဟုတ်ပ့ါ ဟုတ်ပ့ါ ကိုသာဆန်းရာ ကျုပ်ဖြင့်လေ ထွန်းမောင်လို သားလိမ္မာ တစ်ယောက်လောက် လိုချင်စမ်းတော့တယ်"

ဦးထွန်းရင်၏စကားက ထွန်းမောင်အတွက် မျှော်လင့်ချက်ရောင်ခြည်လေး တစ်ခု ဖြစ်နေပါ၏။ ထွန်းမောင်သည် ဦးထွန်းရင်၏ သမီးဖြစ်သူ နှင်းနွယ်ကို စိတ်ဝင်စားနေသူဖြစ်သည်။ နှင်းနွယ်က ဣန္ဒြေသိက္ခာတရားနှင့် ပြည့်စုံသော မိန်းကလေးဖြစ်သည်။ အရွယ်ငယ်သော်လည်း အသိဉာဏ် ဗဟုသုတကြွယ်သည်။ ရွာထဲ၌ အများက လေးစားအားကျရသည့် ကျောင်းဆရာမလေး နှင်းနွယ်ကို ထွန်းမောင်က ချစ်နေမိသည်။ သို့သော် နှင်းနွယ်က ဘွဲ့ရပညာတတ်၊ ထွန်းမောင်က ခုနစ်တန်းနှစ်အထိသာ ကျောင်းနေခဲ့ရသည်။ နှင်းနွယ်က အစစအရာရာပြည့်စုံသည့် သူဌေးသမီးဖြစ်သော်လည်း ထွန်းမောင်ကား အမေတစ်ခုသား တစ်ခု လုပ်ခင်းတောင်ယာမဲ့သော အခြေခံလူတန်းစားသာဖြစ်သည်။ နှင်းနွယ်ကို ချစ်မိနေပါသော်လည်း ထွန်းမောင်ဘဝက ဖွင့်ပြောရခက်နေသည်။ အသက်အရွယ်အရလည်း ကွာခြားနေသည်။

"ငါ့တူကြီး ဘာတွေခေါင်းခါနေရတာတုန်းဟ"

ဦးသာဆန်းက မေးသည်။ ထွန်းမောင် မဖြေနိုင်ပေ။ အလောင်းစင်နားတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ငိုနေသည့် ဖိုးတုတ်ကို မေးငေါ့ပြလိုက်သည်။ ဖိုးတုတ်သည် အရက်ပုလင်းကို မော့သောက်လိုက်၊ အမေဖြစ်သူကို တပြီး ငိုလိုက်ဖြင့် သောကပွားနေသည်။

"အဲဒါပဲကြည့် ထွန်းမောင်ရေ ခုအချိန်အထိ ဒီအရက်ပုလင်းကို လက်က မချနိုင်ဘူး၊ အမေကိုသာ တပြီးငိုနေတယ် ပါးစပ်ကလည်း အသောက်ကမပျက်ဘူး"

"ပြောမနေပါနဲ့တော့ ကိုသာဆန်းရေ အကုသိုလ်များပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ တာဝန်နဲ့ ဝတ္တရားအတိုင်း ဆက်လက်ပြီးတော့ပဲ ဆောင်ရွက်လိုက်ကြတာပေါ့"

နာရေးကူညီမှုအသင်းတွင် တာဝန်ရှိသူများပီပီ ဦးထွန်းရင်နှင့် ဦးသာဆန်း ဦးဆောင်ကာ ထွန်းမောင်အပါအဝင် ရွာသူ ရွာသားများ စုပေါင်းလျက် ဒေါ်မျှင်၏ နာရေးကို ဝိုင်းဝန်းလုပ်ကိုင်ပေးလိုက်ကြရတော့သည်။

(၄)

အမေဖြစ်သူ ကွယ်လွန်သွားပါသော်လည်း ဖိုးတုတ်သည် ဗီဇမပျောက်ပေ။

"ဟဲ့ ဖိုးတုတ် ဒါဘာလုပ်တာလဲ"

"ခဏလေးပါ နှင်းနွယ်ရာ ငါ့ ငါ့ကိုလေ ဟို ဟို"

"ဖိုးတုတ် ငါ့ရှေ့က လမ်းဖယ်စမ်း နင်နဲ့ငါ ပြဿနာမတက်ချင်ဘူးနော်"

ညနေကျောင်းအဆင်း ကျောင်းကပြန်လာသည့် နှင်းနွယ်ကို ဖိုးတုတ်က လမ်းတွင်တားသည်။ မလှမ်းမကမ်းမှ မြင်နေရသည့် ထွန်းမောင်က အခြေအနေကို တိတ်တဆိတ် အကဲခတ်နေသည်။

"နှင်းနွယ် ငါ့ကို ကူညီပါဦးဟာ ငါဒုက္ခရောက်နေလို့ပါဟာ"

"တော်ပြီ ဖိုးတုတ် ငါနင့်ကို ကူညီခဲ့တာတွေလည်းများနေပြီ၊ နင်ကမှ မလိမ္မာတာ ငါမကူညီနိုင်တော့ဘူး ဖယ်စမ်းပါ ငါ့လမ်း ငါသွားပါရစေ''

နှင်းနွယ်က မည်သို့ပင် ပြောနေစေကာမူ ဖိုးတုတ်က လမ်းကိုမဖယ်ပေးပေ။ ဖိုးတုတ်က နှင်းနွယ်၏ လက်ဆွဲခြင်းကို လုယူလိုက်သည်။

"ဟဲ့ ဟဲ့ဖိုးတုတ် နင် ဒါ ဘာလုပ်တာလဲ ငါ့ဆွဲခြင်းပြန်ပေး"

"ပေးဆို ပေးပ့ါမယ်ဟာ၊ ငါ့ကို ပိုက်ဆံလေးနည်းနည်းလောက် ပေးခဲ့ပါဟာ၊ ငါ မရတော့ဘူးဟ ငါအရက် သောက်ချင်နေပြီ"

"မပေးနိုင်ဘူး ဖိုးတုတ်၊ ငါစိတ်ဆိုးလာပြီနော်၊ ငါ့ဆွဲခြင်းပြန်ပေးလို့ပြောနေတယ်''

"မပေးနိုင်ဘူးဟာ ဒီမှာ ငါ့ကိုပိုက်ဆံမပေးရင် နင့်ကို ငါ ဒီမှာတွေ့တယ်မဟုတ်လား"

ပြောပြောဆိုဆို ဖိုးတုတ်က ခါးကြားကနေ ဓားကိုဆွဲထုတ်လိုက်သည်။ နှင်းနွယ်ကို ခြိမ်းခြောက်အကျပ်ကိုင်နေသည်။ အခြေအနေတွေက တဖြည်းဖြည်းနှင့် ဆိုးလာပြီမှန်း ထွန်းမောင်သိလိုက်သည်။ နှင်းနွယ်ကို အချိန်မီကာကွယ်နိုင်ဖို့ရာ ဆုံးဖြတ်လိုက်သည်။

(၅)

"တော်သေးတာပေ့ါ ထွန်းမောင်ရာ ဖိုးတုတ်တစ်ယောက် အသက်မသေလို့ မဟုတ်ရင် မင်းလူသတ်မှုနဲ့ ထောင်ကျတော့မှာ''

"ဘာပဲဖြစ်ဖြစ် ငါမင်းကို ကျေးဇူးတင်ပါတယ် ထွန်းမောင်ရာ၊ အဲဒီအနားမှာ မင်းသာရှိမနေခဲ့ရင် ငါ့သမီးလေး ဒုက္ခရောက်ရတော့မှာ"

"ဟုတ်တယ် ထွန်းမောင်ရေ သားကျေးဇူးကြောင့်သာ အဒေါ့်သမီးလေး ဒုက္ခမရောက်တာ၊ အဒေါ့် သမီးလေးကလေ သားတို့လည်းအသိပဲ လူတစ်ဖက်သားကို အလွန်သနားတတ်တာ ကူညီပေးကမ်းချင်တာ၊ ဖိုးတုတ်နဲ့က ငယ်သူငယ်ချင်းတွေဆိုတော့ ဖိုးတုတ်ဘယ်လောက်ပဲဆိုးဆိုး သူငယ်ချင်းသံယောဇဉ်နဲ့ အပြစ်မမြင်နိုင်ခဲ့ဘူးလေ၊ ဖိုးတုတ်တစ်ယောက်တည်း စားရေးသောက်ရေး အဆင်ပြေအောင် ဆိုပြီး မိဘတွေမသိအောင် ပိုက်ဆံတွေပေးကမ်းနေခဲ့တာတကယ်တော့သမီးလေး အဖြစ်က အဆိပ်ပင်ကို ရေလောင်းနေခဲ့သလိုပါပဲ"

ဦးထွန်းရင်တို့ ဇနီးမောင်နှံက ထွန်းမောင်ကို ကျေးဇူးတင်မဆုံး ဖြစ်နေကြသည်။ လူရိုက်မှုဖြင့် အချုပ်ထဲကျခံနေရသည့် ထွန်းမောင်ကို တရားဥပဒေနည်းလမ်းအတိုင်း လွတ်မြောက်အောင် လုပ်ပေးကြသည်။ တိုက်ရိုက်မပြောပေသော်ငြား မိဘအပေါ်သိတတ်ကာ ရိုးရိုးသားသားဖြင့် ကြိုးကြိုးစားစားအလုပ်လုပ်ကိုင်တတ်သော ထွန်းမောင်ကို သမီးဖြစ်သူနှင့် သဘောတူကြောင်း ဆန္ဒတွေရှိနေကြသည်။ ထွန်းမောင်နှင့် နှင်းနွယ်တို့၏ အချစ်ဇာတ်လမ်းလေးသည်လည်း တဖြည်းဖြည်းဖြင့် အသက်ဝင်လာပါသည်။

"နှင်းနွယ် နှင်းနွယ်ကို ကိုပြောစရာရှိတယ် ဒါပေမဲ့ ပြောလဲမပြောရဲဘူး"

"မပြောရဲရင် မပြောဘဲနေပေ့ါ ဘာဆန်းတာမှတ်လို့"

နှင်းနွယ်က ထွန်းမောင်ပြောပြလာမည့်စကားတွေကို ကြိုတင်သိနေပါသော်လည်း မသိချင်ယောင်ဆောင်ပြီး ငြင်းလိုက်သည်။

"မပြောဘဲလဲမနေနိုင်ဘူး နှင်းနွယ်ရယ်"

"မနေနိုင်ရင်လဲ ပြောပေ့ါတော်"

နှင်းနွယ်က ပြောဟု ဆိုသော်လည်း ထွန်းမောင်မှာ ဖွင့်ပြောရခက်နေပြန်သည်။ နောက်ဆုံးတွင် အရဲစွန့်ဖွင့်ပြောကာ နှင်းနွယ်အား ပိုင်ဆိုင်ခွင့်တောင်းလေသည်။ နှင်းနွယ်သည်လည်း ခေါင်းကလေး ညိတ်ကာ လက်ခံပေးခဲ့သည်။

(၆)

ခြိမ့်ခြိမ့်သဲ စည်ကားလှသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးတို့ကား ပြုံးပျော်ကြည်နူးနေပါ၏။ နှစ်ဖက်မိဘများသည်လည်း ပျော်ရွှင်နေကြသည်။

"ကလေးချင်းလည်း အဆင်ပြေ လူကြီးချင်းလည်း ကြည်ဖြူနဲ့ ဘယ်လောက်တောင် စိတ်အေးရပြီလဲ မအေးမြင့်ရယ်"

"ဟုတ်တာပေ့ါ မသောင်းရယ် ကြည့်စမ်းပါဦး၊ မသောင်းသမီးလေးက မင်္ဂလာဝတ်စုံကလေးနဲ့ ကျက်သရေရှိလိုက်တာ"

"ဟွန်း ရှင့်မလဲ ကိုယ့်ချွေးမကို ကိုယ်မြှောက်နေပြန်ပါပြီ၊ ဒီမှာမအေးမြင့်သားကလည်း ခန့်ညားပါတယ်တော်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတော့လေ ကျွန်မသမီးလေးရှေ့ရေးအတွက် ထွန်းမောင်လို ရိုးသားတဲ့လူမျိုးနဲ့ပေးစားရတာကို ဝမ်းသာတယ်၊ သမီးလေးအတွက် စိတ်လည်းအေးရပါတယ်တော်"

"စိတ်ချပါ မသောင်းရယ်၊ ကျွန်မသားအတွက်တော့ကျွန်မအာမခံတယ်၊ သားလေးက သမီးလေးကို တစ်သက်လုံးမယားမှတ်မှတ် သားမှတ်မှတ်ပေါင်းသင်းမှာပါ"

"ဟုတ်တာပေ့ါ မအေးမြင့်ရယ်"

လူကြီးမိဘများ၏ ထင်မြင်သည့်အတိုင်းပင် ထွန်းမောင်နှင့်နှင်းနွယ်တို့၏ မိသားစုလေးသည် ယခုဆိုလျှင် စည်းစိမ်ဥစ္စာများလည်း အတန်အသင့် ရှိနေခဲ့ပြီဖြစ်သလိုမိသားစုဘဝလေးသည်လည်းသာယာချမ်းမြေ့လျက်ရှိနေပါတော့သည်။ ။

## စာဖတ်ရှိန်မြှင့်တင်ရေး ဝိုင်းဝန်းပူးပေါင်းပေး

☆ အခြေခံ ဗျည်းသရနဲ့
နည်းတကျ စာကိုသင်
မြဲတစေ ဖတ်မှတ်မှ
တတ်မြောက်မှာပင်။
စာတတ်မှ အရာဝင်
ကမ္ဘာတင် မက။
စကြဝဠာ အပိုင်စိုး
ထိုးဖောက်နိုင်စွ။ ။

☆ ပညာသည် အဓိက
ရှိသမျှ နယ်ပယ်စုံ။
နည်းပညာ အဆင့်ဆင့်
မြှင့်တင်ကြကုန်။
ပညာမြင့်ဖို့ အရွယ်စုံ
အရှိန်အဟုန်နဲ့ တွန်းအားပေး။
တိုင်းမြို့ရွာ နယ်တစ်လွှား
အားထုတ်သင့်လေး။ ။

☆ သင့်မသင့် ကောင်းရာရွေးဖို့
စဉ်မနှေး လေ့လာပါ။
တွေးအမြင် ထက်မြက်လို့
ကြွယ်ဝဖို့ရာ။
တတ်အသိ မြတ်ဥစ္စာ
အပတ်တကုတ်သာ ကြိုးပမ်း။
ပွဲတင့်ကာ အရာမြောက်
ထွန်းတောက်စတမ်း။ ။

☆ လွယ်တကူ မပင်ပန်း
လက်လှမ်းလည်း မီအောင်။
ကိုယ်စီလျှင် တာဝန်သိလို့
စာကြည့်တိုက်ထောင်။
စာဖတ်ဝိုင်းလည်း မကျန်ပေါင်
မြေတောင်မြှောက်ဖို့ လက်တွဲ။
ဉာဏ်ဖွင့်ကူ စာတန်ခိုးကြောင့်
တိုးတက်မှာမလွဲ။ ။

☆ သူ့သူငါ တာဝန်မခွဲ
ပြိုင်တူနွှဲမှ အောင်မြင်။
စာဖတ်သူ တိုးပွားရေး
အားပေးအစဉ်။
စာငတ်လျှင် မတ်တတ်ခြောက်မှာမို့
အရပ်ရပ်ပေါက်ဖို့ စာပန်းအပြင်
ဘာပန်းယဉ် ယဉ်နိုင်လိမ့်။
ပညာခေတ်ပေမို့
စာချစ်ကာ စာမြတ်နိုးပါမှ
တက်ခေတ်မှာ မြန်မာမျိုး
တန်ခိုးထက်ပါချိမ့်။ ။

ချစ်စထုံးနှောင်(မိတ္ထီလာ)

# ယနေ့လူငယ် နောင်ဝယ်လူကြီး

■ **ချာန်လေး(ပညာရေး)**

မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်၏ အနာဂတ်သားကောင်းရတနာလေးများ ဖြစ်ကြသည်။ လူငယ်များကို ရေသောက်မြစ်နှင့် တင်စားလိုက်ရပါသည်။ သစ်ပင်တစ်ပင်၏ စိမ်းစိုလန်းဆန်းနေရခြင်း၏ အဓိကသော့ချက်မှာ ရေသောက်မြစ်ကြောင့်ပင်ဖြစ်သည်။ ရေသောက်မြစ်မကောင်းလျှင် ထိုသစ်ပင်သည် အဘယ်မှာစိမ်းစိုလန်းဆန်းပြီး ရှင်သန်နေနိုင်ပါလိမ့်မည်နည်း။ ထိုနည်းတူစွာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည်လည်း ရေသောက်မြစ်နှင့်တူသော လူငယ်များမကောင်းပါက အဘယ်မှာ ဖွံ့ဖြိုးတိုးတက်နိုင်မည်နည်း။

ထို့ကြောင့် ရေသောက်မြစ်ကောင်းရန် လိုအပ်သကဲ့သို့ မျိုးဆက်သစ်လူငယ်များလည်း ကောင်းမွန်အောင် နည်းမှန်လမ်းမှန်စွာ ပြုစုပျိုးထောင်ပေးနိုင်ရန်လည်း အထူးပင်အရေးကြီးလှပေသည်။ မျိုးဆက်သစ်လူငယ်များသည် မိဘ၊ ဆရာသမားများ၏ လက်အောက်တွင် ရှင်သန်နေထိုင်ကြရပေသည်။ လူငယ်များ၏ ဘဝရပ်တည်နေထိုင်ရာတွင် “စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”ဟူသော အချက်သုံးချက်နှင့် ဘောင်ဝင်အောင်နေထိုင်တတ်ရန် အလွန်အရေးကြီးပေသည်။

**စိတ်ဓာတ်**

လူငယ်များသည် စိတ်ဓာတ်ရေးရာ ကောင်းမွန်ရန် အလွန်အရေးကြီးပေသည်။ လူတစ်ယောက်၏ ဘဝအနိမ့်အမြင့်သည် စိတ်ဓာတ်အပေါ် များစွာမူတည်ပေသည်။ စိတ်ဓာတ်မြင့်မားလျှင် ဘဝမြင့်မားမည်ဖြစ်၍ စိတ်ဓာတ်နိမ့်လျှင် ငွေကြေးများစွာ ချမ်းသာနေပါသော်လည်း ၎င်းတို့၏ဘဝသည် အမြဲနိမ့်ကျနေတတ်ပါသည်။

စိတ်သည်ဘဝ၊ ဘဝသည်စိတ်ပင်ဖြစ်သည်။ စိတ်ဓာတ်မကောင်းလျှင် မိမိ၏ဘဝနေထိုင်မှုပုံစံသည်လည်း ဘယ်သောအခါမျှ အဆင်ပြေချောမွေ့လာမည်မဟုတ်ပေ။ ပညာဘယ်လောက်ပဲကောင်းနေပါစေ စိတ်ဓာတ်မကောင်းလျှင် အသုံးမဝင်နိုင်သလို အဆင့်အတန်းမြင့်သောဘဝကို ဘယ်သောအခါမျှ ပိုင်ဆိုင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူငယ်များသည် စိတ်ဓာတ်ကောင်းပြီး ကောင်းသောစိတ်ဓာတ်များကို ကောင်းသောနေရာများတွင် အကျိုးရှိရှိအသုံးချတတ်ရန် အရေးကြီးပါသည်။

**စည်းကမ်း**

“အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ” ဟု ရှေးလူကြီးများက ဆိုစမှတ်ပြုကြပါသည်။ မှန်ပါသည် အကွပ်နှင့်တူသော စည်းကမ်းမရှိလျှင် ဘဝနှင့်တူသော ကြမ်းသည်လည်း ပရမ်းပတာဖြစ်နိုင်ပါသည်။ စည်းကမ်းသည် လူ၏တန်ဖိုးပင်ဖြစ်ပါသည်။ စည်းကမ်းဟူသည်ကား လူတစ်ယောက်၏ အခွင့်အရေးများကို ပိတ်ပင်တားဆီးထားခြင်းမျိုးမဟုတ်ပေ။ လူတစ်ယောက်၏ ပင်ကိုအရည်အချင်းများကို အရောင်တောက်ပလာအောင် မွမ်းမံပေးလိုက်ခြင်းမျိုးပင်ဖြစ်သည်။

“စည်း”ရိုးလုံသော အိမ်ဝင်းသည် တိရစ္ဆာန်များ အကန့်အသတ်မဲ့ ဝင်/ထွက်မရနိုင်သကဲ့သို့ “ကမ်း” ရှိသော မြစ်(သို့)ချောင်းသည်လည်း တော်ရုံဖြင့် ရေကြီးရေလျှံ စိုးရိမ်စရာမလိုတော့ပေ။ ထို့ကြောင့် မျိုးဆက်သစ် လူငယ်များသည်လည်း စည်းကမ်းဆိုသည်ကို ကိုယ်နှင့်မကွာ ဦးစားပေးထားသင့်ပါသည်။ လွတ်လပ်မှုသည် လူငယ်များအတွက် ကောင်းပါသော်လည်း ထိုလွတ်လပ်မှုကို ကောင်းစွာအသုံးမချတတ်ပါက ကိုယ့်အတွက် အကြီးမားဆုံးသောအန္တရာယ်ပင် ဖြစ်ပေသည်။

**ပညာ**

လူငယ်များအတွက် ပညာသည် မရှိမဖြစ်လိုအပ်ပေသည်။ “ပညာပြည့်ဝ၊ နှလုံးလှ” ဆိုစကားရှိသည်။ ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်များကိုကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူတစ်ယောက်၏ အနာဂတ်အတွက် အခြေခံအုတ်မြစ်ဖြစ်ပေသည်။

ပညာမတတ်သူတစ်ဦးသည် ဘဝ၏စာမျက်နှာအချို့ကို ကိုင်တွယ်ဖြေရှင်းရာ၌ အလွန်ခက်ခဲနိုင်ပေသည်။ ပညာဟူသည်ကား “အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်ခြင်း”ပင်ဖြစ်သည်။ ပညာမတတ်သော လူငယ်တစ်ဦးသည် အဘယ်မှာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားတတ်ပါလိမ့်မည်နည်း။ အကောင်းအဆိုး၊ အကြောင်းအကျိုးမှ ဝေဖန်ပိုင်းခြားနိုင်မှုမရှိလျှင် မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏တိုင်းပြည်၊ မိမိ၏အနာဂတ်ကို ဘယ်ပုံဘယ်နည်းနဲ့မျှ တိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆဖန်တီးနိုင်မည်မဟုတ်ပေ။ လူငယ်များအတွက် ကမ္ဘာကြီးကပေးအပ်သော တာဝန်များနှင့် ကောင်းမွန်သည့်အရာများကို လက်ခံနိုင်ရေးအတွက် ပညာတတ်ရန်အထူးလိုအပ်ပေသည်။

ပညာဟူသည် မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမွန်သော အနာဂတ်တစ်ခုကို ပေးစွမ်းနိုင်သောအာမခံချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမွန်သောအလုပ်နှင့် ကောင်းမွန်သော ဂုဏ်သတင်းတို့ကို ပညာတတ်မြောက်သူတို့သာလျှင် ရရှိနိုင်သောကြောင့်ပင်ဖြစ်သည်။

လူသားအားလုံးသည် သံသရာခရီးသွားများပင်ဖြစ်ကြသည်။ ယနေ့လူငယ်များကို ၎င်းတို့ တတ်သင့်သော အတတ်ပညာ၊ သိသင့်သောအသိပညာ သင်ကြားပေးရမည်မှာ မိဘ၊ ဆရာသမားတို့၏ တာဝန်ဝတ္တရားတစ်ခုပင်ဖြစ်သည်။ ယနေ့ခေတ်လူငယ်အများစုသည် အတုမြင်လျှင် အတတ်သင်တတ်ကြပါသည်။ တစ်နည်းအားဖြင့် “တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး” ဆိုသကဲ့သို့ အတုယူမှားတတ်ကြသည်။

နိုင်ငံနှင့်လူမျိုးကိုချစ်သူတိုင်းသည် မိမိတို့နိုင်ငံအနာဂတ်အတွက် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးကြရပေမည်။ ယခုမျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရမည့် လူကြီးများဟုဆိုလျှင်လည်း မမှားနိုင်ပေ။ တိုင်းပြည်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရာတွင် ရှိသင့်ရှိထိုက်သော အရည်အချင်းကောင်းများစွာ လိုအပ်ပေသည်။ သို့မှသာ တိုင်းပြည်၏အနာဂတ်သည် ကမ္ဘာ့အလယ်၌ ဂုဏ်ယူဝင့်ကြွားစွာ ရေရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ပေမည်။

ယနေ့မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တိုင်းပြည်အတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး လှပတင့်တယ်သော အနာဂတ်တိုင်းပြည်ကို ဖန်တီးတည်ဆောက်မည့်သူများဖြစ်၍ တိုင်းပြည်အတွက် အလွန်အရေးပါသော အင်အားစုဖြစ်သည်။ မျိုးဆက်သစ်လူငယ်များသည် ပင်ကိုစိတ်၊ ပင်ကိုစရိုက်ဖြူစင်သန့်ရှင်းစေရန်နှင့် မိမိပေးပြီးသော ကတိကဝတ် တည်ကြည်ခိုင်မြဲနေစေရန် နိုင်ငံကြီးသားပီသသော လူ့ကျင့်ဝတ်သိက္ခာတို့ကို အစဉ်သင်ယူလေ့လာနေရမည်ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ အခြေခံစိတ်ရင်းများကိုလည်း မွေးမြူထားရသည်။

အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်လေးများ၏ စရိုက်မပျက်ပြားစေရေး မိဘ၊ ဆရာသမားများသည် အတွေ့အကြုံရှိသော လမ်းပြသူတွေဖြစ်နေရန်လိုအပ်ပါသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကို စိတ်ပျက်စေသော၊ စိတ်ဓာတ်ကျစေနိုင်သော စကားလုံးများကို မပြောမိစေရန်ထိန်းသိမ်းကြရပါမည်။ လူငယ်တွေအပေါ် လမ်းပြမမှားရလေအောင် စံပြနေထိုင်လုပ်ကိုင်ကြရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် “ယနေ့လူငယ် နောင်ဝယ်လူကြီး” ဟူသကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားကိုးအားထားရသော လူငယ်ရတနာလေးများကိုတန်ဖိုးထား၍ကောင်းမွန်စွာပြုစုပျိုးထောင်ပေးရပါမည်။ ထို့ကြောင့်ရွှေဥမင်ဆရာတော်ဘုရားကြီးက“ကလေး ကလေး အထင်မသေး နဲ့၊ ကလေးက လူကြီးဖြစ်တာ၊ ကလေးကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ အားလုံးကောင်းမှာ”ဟု ဩဝါဒပြုထားပါသည်။ “လူကောင်းကျင့်မချော်၊ လူတော်အတတ်၊ လူမြတ်အရိယာ”ဆိုသကဲ့သို့ ကိုယ်ကျင့်ကောင်းသောလူငယ်များ၊ အတတ်ပညာထူးချွန်ထက်မြက်သော လူငယ်များဖြစ်အောင် မိဘ၊ ဆရာသမားများအားလုံး ပူးပေါင်းကာ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်အတွက် နေလို၊ လလို ထွန်းလင်းတောက်ပနိုင်အောင် အလေးထား ပြုစုပျိုးထောင်ကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## လမြတ်ဝါဆို အလှုပို

☆ တိမ်ဝင်္ကာထက် မှိုင်းပြာညို့
ဝါဆိုမိုးကပြို။
လုံမေပျို ဖော်တစ်သင်း
လယ်ထဲကောက်စိုက်ဆင်း။

☆ တေးသီချင်းများ သီဆိုကာ
လယ်တောအပြန်မှာ။
ခူးဆွတ်ယူလာ ဝါဆိုပန်း
ဘုရားကပ်လှူဒါန်း။

☆ ရဟန်းခံရှင်ပြု ကုသိုလ်ယူ
ဝါဆိုသင်္ကန်းလှူ။
ပုန်းညက်ဖြူနဲ့ မြတ်လေးပန်း
ရနံ့သင်းထုံလန်း။

☆ စိမ်းစိုလန်းဆန်း တောဂနိုင်
ဝါဆိုမိုးဖြိုင်ဖြိုင်။
မြစ်ချောင်းအင်းအိုင် ရေဖွေးဖွေး
ပန်းတင့်တယ်လေး။

မင်းဝေအောင်(ရဲကျွန်း)

---


## လူ့ ရှာတောဝယ်

☆ မုသားတွေသုံး မာယာအပြုံးနှင့်
အမုန်းကွယ်ဝှက် ကမ်းသောလက်ကို
ပြုံးလျက်နှင့်သာ သင်ငြင်းပါ။

☆ ကရုဏာရော မေတ္တာနှော၍
သဘောစိတ်မှန် ဒေါသသံနှင့်
ကောင်းရန်အတွက် ကမ်းသောလက်ဆို
ပြုံးလျက်နှင့်သာ ကြိုဆိုပါ။

☆ မာယာတွေပေါ လူ့ ရှာတောဝယ်
နုသော၊ကြမ်းသော မစစ်ကြောနှင့်
သဘောမှန်ရာ ဝေဖန်ကာလျှင်
သေချာရွေးလို့ ပေါင်းတတ်စေ...။


သွန်းလက်ချာ(တောင်ငူ)



# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဆဋ္ဌသင်္ဂါယနာမူ ပရိတ်ကြီး ၁၁ သုတ်(ပါဠိ-မြန်မာအသံထွက်)




နှစ်ဆယ့်ခွန်စာပေမှ စီစဉ်ပူဇော်သည့် အဋ္ဌသင်္ဂါယနာမူ ပရိတ်ကြီး ၁၁ သုတ်(ပါဠိ-မြန်မာအသံထွက်)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပဇာသမ္ဗာ-ကိုယ်စီကိုယ်ငါ၊ ကိုယ့်ဒေသ၌၊ ပျော်ကြစပ်ရာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည် သုသာယန္တု- အိပ်မက်မက်ရာ၊ ကောင်းစွာမက်၍၊ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။

သုမင်္ဂလာ- မင်္ဂလာကျက်သရေ၊ ယှက်ဝေလန်းသဖြင့်၊ စန်းပွင့်ကြကုန်သည်ဖြစ်၍ ဝုဍ္ဎဟန္တု- ကောင်းစွာမိုးသောက်၊ အလင်းရောက်လျက်၊ ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။


ဒုဂ္ဂတိံဂါမိ- အပါယ်ဒုဂ္ဂတိရောက်မည့်အကြောင်း၊ မကောင်းညစ်ဆိုး၊ ဒုစရိုက်တရားမျိုးတို့ကို ဒူသေန္တု- သူတော်ကောင်းလက်နက်၊ တရားစက်ဖြင့်၊ ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။

သဗ္ဗပါရမိံ- အလောင်းအလျာ၊ ဖြည့်ကောင်းရာသည်၊ သုံးဖြာဆယ်လီ၊ ပါရမီအပေါင်း၊ အကျင့်ကောင်းကို ပူရေန္တု-တစ်ဆင့်ထက်တစ်ဆင့်၊ ရင့်သထက်ရင့်အောင်၊ မလင့်ပုံသေ၊ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး ဦးညာဏဓဇ၏ ခုနစ်နေ့ဘုရားရှိခိုး၊ နတ်ပင့်၊ ဩကာသကန်တော့ချိုး၊ ဘုရားရှိခိုး၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတောင်းခံခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်းနှင့် ဆုတောင်းခြင်းစသည့်အကြောင်းအရာ ၁၂ မျိုးကို ရေးသားထားသည်။

စာအုပ်ကို ပန်းဆွေမွန်စာပေ ဖုန်း-၀၉ -၂၅၀၀၁၉၈၅၈ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## အရေးကြီးတဲ့ပုစ္ဆာများအတွက် အဖြေများ




စာရေးသူ ကိုတာ စီစဉ်ရေးသားသည့် အရေးကြီးတဲ့ပုစ္ဆာများအတွက် အဖြေများစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူများသည့် မိုးလင်းသည်နှင့် အရပ်မျက်နှာတစ်ဖက်တည်းမသွားဘဲ အရပ်ရှစ်မျက်နှာအနှံ့အပြား ဘာကြောင့်သွားရသနည်း။

လူများ တစ်ဖက်တည်းသွားလျှင် ကမ္ဘာကြီးစောင်းသွားမည်၊ စောင်းပြီးမှောက်မသွားစေရန် တစ်ယောက်တစ်နေရာ သွားကြခြင်းဖြစ်သည်။ ပင်လယ်ရေ ဘာကြောင့်ငန်သနည်း။ ရှေးလူကြီးများက ဆားခတ်ထားခြင်းကြောင့်၊ ပင်လယ်ရေ ပုပ်စော်နံမကုန်စေရန်။

ထိုသို့ ပေါက်ကရအဖြေများကို ငယ်စဉ်ကလေးဘဝက သဘောကျသည်။ ယခု အသက်ကြီးလာသဖြင့် အဖြေများဖတ်ရပြန်သည်။ အဆိုပါအဖြေများကို နိုဘယ်ဆုရရှိသူများက ဖြေဆိုထားသည်။ Noble Book of Answer ဆိုသည့်စာအုပ်ထဲတွင်သာပါရှိပြီး အခြားသူများရေးသားထားခြင်းမဟုတ်။ ကောင်းကင်ကြီး ဘာကြောင့် ပြာသလဲ၊ သစ်ရွက်တွေဘာကြောင့်စိမ်းရသလဲ၊ စစ်ဘာကြောင့်ဖြစ်ရသလဲ။ လူတွေဘာကြောင့်နာကျင်ရသလဲ၊ ဘာကြောင့်ပူတင်းမုန့်ကပျော့ပြီး ကျောက်ခဲကမာရသလဲ ထိုမေးခွန်းများကို နိုဘယ်ဆုရသူများက ဖြေဆိုထားခြင်းဖြစ်သည်။ လေက ဘာတုန်း၊ အချစ်မေတ္တာက ဘာတုန်း၊ တစ်နှစ်ပေါင်းရင် ဘာကြောင့် နှစ်ရတာတုန်း ထိုကဲ့သို့သော အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ထည့်သွင်းရေးသားထားသည်။

စာအုပ်ကို အော်ကျူးမီဒီယာစာပေ ဖုန်း-၀၉ - ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

### ငှက်သဘာဝ ထိန်းသိမ်းကြ သာစွဌာနေ တို့မြန်ပြည်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုရရှိသည့် စာရေးသူ မခင်ကြီးမောင် (သတ္တဗေဒ)၏ "ငှက်သဘာဝ ထိန်းသိမ်းကြ သာစွဌာနေ တို့မြန်ပြည်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာမူရှင်ကိုယ်တိုင်က သတ္တဗေဒ ပါမောက္ခတစ်ဦးဖြစ်ပြီး ငှက်မျိုးစိတ်တို့၏ ရှင်သန်ပေါက်ပွားကျက်စားပုံ၊ ငှက်များ၏ ဇီဝကမ္မဖြစ်စဉ်များနှင့် အပြုအမူများကို ခေတ်ပုံမှတ်တမ်းများနှင့်တကွ ပြည့်ပြည့်စုံစုံ ရေးသားထားသည်။

မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ရှင်သန်ကြသော ငှက်များ၏ သဘောသဘာဝကို နားလည်ကြပြီး ငှက်များကို တန်ဖိုးထားတတ်ကြရန်အတွက်လည်းကောင်း၊ ငှက်များကို ထိန်းသိမ်းစောင့်ရှောက်ကြခြင်းသည် ကမ္ဘာပေါ်ရှိ အထူးသဖြင့် မိမိတို့နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူသားအားလုံးကို ကူညီစောင့်ရှောက်ရန်အတွက် တစ်ထောင့်တစ်နေရာက အထောက်အကူပြုစေရန်အတွက်လည်းကောင်း ရည်ရွယ်ရေးသားထားသော စာအုပ်ဖြစ်သည်။

### မြန်မာ့ရတနာ ကလေးကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ကလေးစာပေ ပထမဆုရရှိသည့် စာရေးသူ သက်ဦးခင်၏ "မြန်မာ့ရတနာ ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၇၇ ပုဒ်ပါဝင်သည်။ ကျေးလက်တောရွာသဘာဝ အလှအပ ဖွဲ့ဆိုမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ကျူးသီကုံးထားသော ကဗျာများ၊ မိမိတို့ရပ်ရွာ၊ မိမိတို့မြို့၊ မိမိတို့တိုင်းပြည်ကို ကလေးငယ်များ ချစ်ခင်မြတ်နိုးလာစေရန် စေတနာလေချိုအေးဖြင့် ခြယ်ရေးထားသည့်ကဗျာများ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုလေးနက်ခိုင်မာစေသည့် ကဗျာများပါဝင်သည်။ ကဗျာအဖွဲ့အနွဲ့တွင် ရိုးရိုးယဉ်ယဉ်လေးနှင့် ကလေးများ နားလည်လွယ်သည့် အသုံးအနှုန်းများ၊ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ရွတ်ဆိုလျှင် ပျော်ရွှင်ကြည်နူးဖွယ်ဖြစ်စေသည့် တေးဂီတသံနွယ်သောကဗျာများပါဝင်သည့် ကလေးကဗျာစာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို ရောင်းဈေးငွေကျပ် ၄၀၀၀ ဖြင့် အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း -၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလောမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလော ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၌ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား ကျောင်းသူများ ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက် ၇ နာရီက ကလောတပ်နယ် စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးတို့ ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွင်း၊ အပြင်တို့တွင် ချုံ၊ နွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကျော်ဝင်း(ကလော)**

✻ MNL မှ

ဒဂုံစတားယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်း အနိုင်ရရှိသည်။

ပွဲစဉ် (၈) တွင် ရှမ်းယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရောဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုး၊ ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲများအတွက် အကောင်းဆုံးဆုများကို ထက်မြတ်လွင် (ရှမ်းယူနိုက်တက်)၊ ကျော်နိုင်ဦး (ဟံသာဝတီ)၊ စိုင်းဇေယျာကျော် (ရန်ကုန်ယူနိုက်တက်)၊ အောင်ခန့်ကျော် (ဒဂုံစတားယူနိုက်တက်) တို့က ရရှိသည်။

ပွဲစဉ် (၈) နောက်ဆုံးနေ့ကို ဇူလိုင် ၂၈ ရက်တွင် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## လွိုင်လင်မြို့နယ်၌ မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**လွိုင်လင် ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပင်လုံအရှေ့ ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လွိုင်လင်ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများသည် ဆင်တောင်ကျေးရွာ၌ တောင်ပေါ်ဒေသတွင် ရေသန့်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော အရှည် ၁ မိုင် ၅ ဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်တောင် ကျေးရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်း အထူးရန်ပုံငွေကျပ် ၁၂၅ ဒသမ ၁၈၁ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

# မှားတာတွေကိုသိရင် အမှန်ကို အမြန်ပြင်

ကိုယဉ်ချစ် (မန္တလေး)

**လူသားတွေဟာ ရလာတဲ့ဘဝတစ်ခုကို ရှင်သန်ရပ်တည်နိုင်ဖို့ အလုပ်တွေလုပ်နေကြပါတယ်။ လုပ်နေတဲ့အလုပ်တွေမှာ ဘာအလုပ်ကိုပဲလုပ်လုပ်၊ အမျိုးအစားတွေ ဘယ်လိုကွဲပြားပါစေ အလုပ်ရဲ့ အဖြေက အမှန်နဲ့အမှားဆိုတဲ့ နှစ်မျိုးပဲရှိပါတယ်။ အမှန်ဆိုတာ မမှားယွင်းသော၊ မလွဲသော၊ ဖြောင့်မတ်သော၊ အစဉ်အမြဲအတိုင်းဖြစ်သောလို့ခေါ်ပြီး အမှားဆိုတာ မမှန်ကန်သော၊ အမှန်ရဲ့ဆန့်ကျင်ဘက်ဖြစ်သော၊ ယွင်းသောလို့ မြန်မာအဘိဓာန်မှာ မှတ်သားဖူးပါတယ်။**

အချို့အလုပ်တွေဟာ မှန်တယ်ထင်ပြီးလုပ်လိုက်ပေမယ့် မှားနေတတ်တယ်။ မှားတယ်ထင်ပြီး မလုပ်မိတဲ့အလုပ်က မှန်နေတတ်တယ်။ လူဆိုတာ ငါ၊ မိမိဆိုတဲ့ အတ္တနဲ့အခြေခံရပ်တည် ရှင်သန်နေကြပါတယ်။ လုပ်ကိုင်သမျှအလုပ်တွေတိုင်းဟာ မှန်တယ်၊ မှားတယ်ဆိုတာ အမြဲမရှိနိုင်ပါဘူး။ ဘဝခရီးလမ်းမှာ အမှန်လမ်းပေါ်ကိုလျှောက်ရင် လမ်းမှန်ပေါ်ကို ရောက်မယ်။ မှားတဲ့လမ်းကို ရွေးလျှောက်မိရင်တော့ လမ်းမှားဆီကိုသာ ရောက်သွားမှာဖြစ်ပါတယ်။ လုပ်လိုက်တဲ့အလုပ်တွေ မှန်တယ် မှားတယ်ဆိုတာက လုပ်တဲ့သူရဲ့ အတွေးအမြင်၊ အသိပညာ၊ အရည်အချင်းတွေနဲ့ ခံယူကျင့်သုံးမှုတွေအပေါ်မှာ မူတည်ပါတယ်။ အတွေးအမြင်၊ အသိပညာတွေမှန်ကန်နေရင် ကောင်းကျိုးတွေကို ခံစားရမှာဖြစ်ပေမယ့် မှားယွင်းနေရင်တော့ ဆိုးကျိုးတွေကိုသာ ခံစားကြရမှာပါ။ ရွေးချယ်တဲ့အပေါ်မူတည်ပြီး လမ်းမှန်ပေါ်ကနေ လမ်းမှားဆီကို ရောက်သွားနိုင်သလို၊ လမ်းမှားပေါ်လျှောက်မိနေရင်း အသိတရားနဲ့ ဆင်ခြင်ပြီး လမ်းမှန်ပေါ်ကို ပြောင်းပြီးလျှောက်လှမ်းလို့လည်း ရပါတယ်။

မှားတယ်ဆိုတာ မသိလို့မှားတာ၊ သိလျက်နဲ့ မှားတာ၊ မှားနေမှန်းသိလျက်နဲ့ မပြင်ဘဲ ဆက်လုပ်လို့ မှားတာတွေ ဖြစ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်မှားမှား ကိုယ့်အကျိုးကို ထိခိုက်စေပါတယ်။ အချို့အမှားတွေကတော့ ကိုယ်တစ်ဦးသာမကဘဲ ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါတယ်။ လူ့သဘာဝအရ အမှားလုပ်မိရင် အမှားကို ပြင်ဖို့ထက် ဆင်ခြေပေးပြီး အပြစ်ကလွတ်အောင် ရှောင်ထွက်တတ်ကြပါတယ်။ အချို့က ပုထုဇဉ်လူသားတွေပဲ အမှားနဲ့ ဘယ်ကင်းနိုင်ပါ့မလဲလို့ ဆင်ခြေပေးပြောတတ်ကြပါတယ်။ လူတိုင်းအမှားနဲ့ မကင်းနိုင်ကြတာ မှန်ပေမယ့်လည်း ခံစားရမယ့်အပြစ် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမှားနည်းနိုင်သမျှနည်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပါပဲ။

**ဒုစရိုက် ၁၀ ပါး**

အမှားဆိုတဲ့ မကောင်းမှု ပြုလုပ်မိတာကို ဒုစရိုက်လို့ ခေါ်ပါတယ်။ ဒု = မကောင်းသော + စရိတ = စရိုက် (အကျင့်)၊ ဒုစရိုက် = မကောင်းတဲ့ အမှုကို ပြုမူကျူးလွန်ခြင်းဖြစ်ပါတယ်။ ဒုစရိုက် ၁၀ ပါးဆိုတာ မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ခေါ်တာပါ။ ဒုစရိုက် ၁၀ ပါးမှာ ကာယကံ သုံးပါး၊ ဝစီကံ လေးပါးနဲ့ မနောကံသုံးပါး ရှိပါတယ်။ ကာယဒုစရိုက်သုံးပါးက (၁) သူတစ်ပါးအသက်ကို သတ်တာ၊ (၂) ပိုင်ရှင်က ကိုယ်နှုတ်နဲ့မပေးတဲ့ သူတစ်ပါးပစ္စည်းကို ခိုးယူတာ၊ (၃) ကာမဂုဏ်မှာ မှားယွင်းစွာဖောက်ပြန်တာတွေ ဖြစ်ပါတယ်။

ဝစီဒုစရိုက် လေးပါးကတော့ (၁) မဟုတ်မမှန်တဲ့ အရာကို ဟုတ်မှန်တဲ့အနေနဲ့ လိမ်ညာပြောဆိုတာ၊ (၂) ချောပစ်ကုန်းတိုက်တာ / ချစ်သူနှစ်ဦးကွဲသွားအောင် သို့မဟုတ် မိမိကို ချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးတာ/ သင့်တင့်ညီညွတ်နေတဲ့ မိတ်ဆွေနှစ်ဦးကို မသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင်ပြောဆိုတာ၊ (၃) ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာပြောဆိုတာ၊ (၄) မိမိသူတစ်ပါး နှစ်ဦးသား လုံးဝအကျိုးမရှိတဲ့စကား ပြောဆိုတာတွေ ဖြစ်ပါတယ်။

မနောဒုစရိုက်သုံးပါးကတော့ (၁) သူများစည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝနေတာကိုမြင်တဲ့အခါ အဲဒီစည်းစိမ်ဥစ္စာတွေ ငါ့ဥစ္စာတွေဖြစ်လာရင် ကောင်းလေစွလို့ သူတစ်ပါးစည်းစိမ်ဥစ္စာအပေါ် မကောင်းကြံစည်တာ၊ (၂) သူတစ်ပါးကို ပျက်စီးစေလိုစိတ်ဖြစ်ပေါ်တာ၊ (၃) လှူခြင်းက အကျိုးမရှိ၊ မလှူခြင်းက အပြစ်မရှိ စတဲ့မှားယွင်းဖောက်ပြန်စွာ ယူခြင်းတို့ ဖြစ်ပါတယ်။ ဒုစရိုက်တရား ၁၀ ပါးကို အကုသလ ကမ္မပထတရား ၁၀ ပါးလို့လည်း ခေါ်ပါတယ်။ (အကုသလ = အကုသိုလ် + ကမ္မ = ကံ + ပထ အပယ်ရောက်ကြောင်းလမ်းဖြစ်ပါတယ်။)

**သုစရိုက်တရား ၁၀ ပါး**

သုစရိုက်တရား ၁၀ ပါးဆိုတာ ကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ခေါ်ပါတယ်။ ကုသလ ကမ္မပထတရား ၁၀ ပါး ဖြစ်ပါတယ်။ မှန်တဲ့အလုပ်ဖြစ်ဖြစ်၊ မှားတဲ့အလုပ်ဖြစ်ဖြစ် လုပ်ကိုင်ကြတဲ့ အကြောင်းခံတရားတွေက အမျိုးမျိုးရှိကြပါတယ်။

သာဝတ္ထိပြည်မှာ ကောသလမင်းကြီး ထီးနန်းစိုးစံနေချိန် ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ဇနီးသည် မန္တာဏီပုဏ္ဏေးမကြီး မီးဖွားတော့ ကောသလမင်းကြီးရဲ့လက်သုံးတော် သန်လျက်တော်ကြီး အပါအဝင် တစ်မြို့လုံးမှာရှိတဲ့ လက်နက်တွေဟာ အရောင်တွေ တောက်ပကြတယ်။ ဒါကြောင့် ပုရောဟိတ်ပုဏ္ဏားကြီးက နက္ခတ်တွေကိုကြည့်တော့ သူ့သားဟာ သူခိုးလူသတ်သမားဖြစ်မယ့် နက္ခတ်နဲ့ယှဉ်ပြီး မွေးတယ်ဆိုတာ သိလိုက်ရတယ်။ နောက်တစ်နေ့ ညီလာခံမှာ ကောသလမင်းကြီးက ပုဏ္ဏားကြီးကို အကျိုးအကြောင်းမေးတော့ ပုဏ္ဏားကြီးက မကွယ်ဝှက်ဘဲ သူ့သားကြောင့်ဖြစ်တာပါ၊ တစ်ယောက်တည်း လှည့်လည်ခိုးတဲ့သူခိုးဖြစ်ပါလိမ့်မယ်၊ ကွပ်မျက်တော်မူပါလို့လျှောက်တင်တယ်။ ဒါပေမဲ့ မင်းကြီးက တစ်ယောက်တည်းဆိုးသွမ်းတဲ့သူဆိုရင်တော့ ကောင်းစွာပြုပြင်မွေးမြူပါဆိုပြီး မကွပ်မျက်ခဲ့ပါဘူး။

မင်းကြီးရဲ့သန်လျက်တော်အပါအဝင် တစ်မြို့လုံးက လက်နက်တွေ အရောင်တောက်ပြောင်ပေမယ့် တစ်စုံတစ်ဦးကိုမျှ မထိခိုက်တာကြောင့် အဟိံသကလို့ အမည်ပေးခဲ့တယ်။ အဟိံသက အရွယ်ရောက်လာတော့ တက္ကသိုလ်ပညာသင်ယူတော့ ပညာက ထူးချွန်ထက်မြက်တယ်၊ ဇာတ်လည်းမြင့်တယ်၊ ဆရာကြီးကလည်း ချစ်ခင်တာကို ကျန်တဲ့တပည့်တွေက မနာလိုဖြစ်ပြီး ဆရာကြီးဆီကို အမြဲကုန်းချောကြတယ်။ ဆရာကြီးက အစောပိုင်းမှာ မယုံကြည်ပေမယ့် ကြိမ်ဖန်များစွာ ကုန်းချောကြတော့ ဆရာကြီးက အချစ်ပြယ်ပြီး အဟိံသကကို သတ်ဖို့ကြံစည်တော့တယ်။

ဒါပေမဲ့ သူ့ရဲ့သိက္ခာကျမှာလည်း စိုးရိမ်တော့ မသတ်ဘဲ ပညာအတွက် ပူဇော်ဖို့ လူတစ်ထောင်ကို သတ်ရမယ်လို့စေခိုင်းတယ်။ အဟိံသကက ငြင်းဆန်ပေမယ့် မရတော့ တောရိပ်ခိုကာ လူတွေသတ်ပါတော့တယ်။ ဘယ်နှယောက်သတ်ပြီးပြီ မှတ်မိအောင် အသတ်ခံရသူတွေရဲ့ လက်ညှိုးတစ်ချောင်းစီဖြတ်ကာ ပန်းကုံးသဖွယ် ကြိုးနဲ့သီပြီး လည်ပင်းမှာ ချိတ်ဆွဲယူဆောင်စေတယ်။ ဒါကြောင့် အဟိံသက အမည်ကနေ အင်္ဂုလိမာလအမည်နဲ့ ထင်ရှားခဲ့တယ်။ အဟိံသကဟာ တက္ကသိုလ်ပညာသင်ယူခဲ့တဲ့ ပညာတတ်တစ်ယောက်ဖြစ်ပေမယ့် မှားယွင်းတဲ့ ဆရာရဲ့စေခိုင်းမှုကြောင့် လက်ညှိုးပေါင်း တစ်ထောင်ပြည့်ဖို့ တစ်ချောင်းအလိုမှာ သူ့ရဲ့ မွေးမိခင်ကိုတောင် သတ်ဖို့အခြေအနေအထိ အမှားတွေ ကျူးလွန်ခဲ့ပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့ မေတ္တာတန်ခိုးတော်နဲ့ ကယ်ချွတ်တော်မူခဲ့လို့ အကျွတ်တရားရပြီး လူဆိုးလူမိုက်ဘဝက လွတ်မြောက်ခဲ့ပါတယ်။ ပညာတတ်ဖြစ်ပေမယ့် ပတ်ဝန်းကျင်ကြောင့် အမှားကို ကျူးလွန်မိတယ်။ အမှားကိုသိရင် အမှန်ကို အချိန်မီပြင်ဆင်နိုင်တယ်ဆိုတဲ့ သာဓကတစ်ခုပါပဲ။

**လေ့လာမှတ်သားထားတာ**
**လွဲရင်လည်း မှားတတ်**

နောက်တစ်မျိုးကတော့ လေ့လာမှတ်သားထားတာ လွဲရင်လည်း မှားတတ်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းက ပုပ္ပားတောင်ကြီးရဲ့အမြင့်ပေကို မှတ်သားရလွယ်အောင် ဆယ့်ကိုးယုတ်ငါးထောင်လို့ စာချိုးထားခဲ့ပါတယ်။ အချို့က ဆယ့်ကိုးယုတ်ငါးတောင်လို့ အမှတ်မှားကြပါတယ်။ ဖိုခုံလောက်ဆိုင် တောင်သုံးလုံးဖြစ်တဲ့ မှန်ပြတောင် (၄၉၈၁ ပေ)၊ စပါးပုံတောင် (၄၇၅၅ ပေ)နဲ့ ဆေးမွှန်တောင် (၄၆၀၀ ပေ) ထဲက အမြင့်ဆုံးဖြစ်တဲ့ မှန်ပြတောင်ဟာ ပေ ၅၀၀၀ ပြည့်ဖို့ ဆယ့်ကိုးပေလိုနေတာကို မှတ်သားရလွယ်အောင် ဆယ့်ကိုးယုတ်ငါးထောင်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ အမှတ်လွဲရင်လည်း မှားတတ်ပါတယ်။

နောက်တစ်မျိုးကတော့ လုပ်ရည်ကိုင်ရည်တွေ ဘယ်လောက်ပြည့်စုံပါစေ၊ ပညာတွေ ဘယ်လောက်တတ်ပါစေ၊ စီးပွားနေဥစ္စာတွေ ဘယ်လောက်ပြည့်စုံပါစေ လုပ်ကိုင်လိုက်တဲ့အလုပ်တစ်ခု လွဲချော်သွားရင် အမှားတွေနဲ့ ကြုံရတတ်ပါတယ်။ အချို့က မိမိကိုယ်မိမိ အထင်ကြီးစိတ်နဲ့ ကိုယ်လုပ်နေတဲ့ အလုပ်တွေကို အမှန်လို့ထင်မှတ်တတ်ကြပါတယ်။ ကိုယ်လုပ်တဲ့အလုပ်တိုင်းက အမြဲမှန်နေတယ်ဆိုတဲ့ တစ်ယူသန်အစွဲ မထားသင့်ပါဘူး။ ရွှာစားကြီး စိန်တင်ဟန်ရေးသားတဲ့ ဘိသိက်ပြိုင်ဆိုတဲ့ ဇာတ်လမ်းရဲ့ဇာတ်သိမ်းပိုင်းမှာ ဘိသိက်ဆရာဆားတောင်သောင်းက ဘိသိက်ဆရာ ရတနာပုံဆရာလှိုင်ကို အမှားနဲ့ပတ်သက်ပြီး ပြောလိုက်တဲ့ စကားက အင်မတန်မှတ်သားစရာကောင်းပါတယ်။ အမှားဆိုတာ သူတစ်ပါးအပေါ်မှာ ကိုယ်က ကျူးလွန်တဲ့အမှား၊ ကိုယ့်အပေါ်မှာ သူတစ်ပါးက ကျူးလွန်တဲ့အမှားနဲ့ ကိုယ့်ဘာသာ ကျူးလွန်တဲ့အမှားတဲ့။ အင်မတန်မှတ်သားထိုက်တဲ့ စကားပါ။ ဘယ်လိုအမှားမျိုးဖြစ်ပါစေ မှားနေမှန်းသိရရင် အမှန်ကို ချက်ချင်းပြင်လိုက်ပါ။ ကောင်းကျိုးခံစားရပါလိမ့်မယ်။

မှားတာကို မှားမှန်းသိလို့ အမှန်ကို ပြင်နိုင်သူဟာ သတ္တိကောင်းသူဖြစ်ပါတယ်။ သတ္တိဆိုတာ စွမ်းရည်၊ ရဲရင့်ခြင်းဖြစ်တာမို့ အမှားကအမှန်ကို အချိန်မီပြင်နိုင်သူဟာ သူ့ရဲ့ဂုဏ်သိက္ခာကို မြင့်မားစေသလို မှန်ကန်တဲ့ အရည်အချင်းပိုင်ရှင်ဖြစ်သွားမှာပါ။

လူတိုင်းအမှားနဲ့မကင်းနိုင်ကြလို့ မှားတတ်ကြတယ်ဆိုပေမယ့် အမှားနည်းအောင် ပြုမူပြောဆိုနေထိုင်ခြင်းက အကောင်းဆုံးပါပဲ။

> **“မှားတာကို မှားမှန်းသိလို့ အမှန်ကိုပြင်နိုင်သူဟာ သတ္တိကောင်းသူဖြစ်ပါတယ်။ သတ္တိဆိုတာ စွမ်းရည်၊ ရဲရင့်ခြင်းဖြစ်တာမို့ အမှားကအမှန်ကို အချိန်မီ ပြင်နိုင်သူဟာ သူ့ရဲ့ဂုဏ်သိက္ခာကို မြင့်မားစေသလို မှန်ကန်တဲ့ အရည်အချင်းပိုင်ရှင်ဖြစ်သွားမှာပါ။ လူတိုင်းအမှားနဲ့မကင်းနိုင်ကြလို့ မှားတတ်ကြတယ်ဆိုပေမယ့် အမှားနည်းအောင် ပြုမူပြောဆို နေထိုင်ခြင်းက အကောင်းဆုံးပါပဲ”**

အချို့က ကိုယ်လုပ်နေတဲ့အလုပ်တွေအောင်မြင်ပြီးစီးဖို့နဲ့ ကိုယ့်အကျိုးဖြစ်ဖို့အဓိကပဲလို့ သဘောထားကြပါတယ်။ ကိုယ့်အကျိုးစီးပွားအတွက် လုပ်တာတော့မှန်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကြောင့် တစ်ဖက်သားအကျိုးစီးပွားနဲ့ အများကောင်းကျိုးကို ထိခိုက်စေမယ့်အလုပ်မျိုးကတော့ မှားယွင်းတဲ့အလုပ်ဖြစ်ပါတယ်။ ကိုယ့်အတွက် အကျိုးရှိပြီး ကြီးပွားချမ်းသာပေမယ့် အများစုက ဒုက္ခတွေ၊ သောကတွေ ခံစားရမယ့် အလုပ်မျိုးတွေကိုတော့ ရှောင်ရှားသင့်ပါတယ်။ ဘယ်သူသေသေ၊ ငတေမာပြီးရောဆိုတဲ့ အစွန်းရောက် အသိတရားနဲ့ အများမလုပ်မိဖို့ သတိပြုဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

ဥပမာအားဖြင့် အရောင်းအဝယ်နဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်တယ်ဆိုပါစို့။ အင်္ဂုတ္တရနိကာယ ဥပါသကဝဂ် ဝဏိဇ္ဇသုတ်မှာ ဗုဒ္ဓဘာသာဥပါသကာတစ်ယောက်အနေနဲ့ မရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးကို ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီ မရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးဆိုတာကတော့ – (၁) အများသေစေကြောင်း လေး၊ မြား စတဲ့လက်နက်ပေါင်းအမျိုးမျိုး၊ (၂) ဆင်၊ မြင်း၊ လူ စတဲ့ အစေခံသတ္တဝါအပေါင်း၊ (၃) ဝက်၊ သမင် စတဲ့ အသားစားသတ္တဝါအပေါင်း၊ (၄) သေရည်သေရက်အမျိုးမျိုးနဲ့၊ (၅) အများကို သေစေတတ်တဲ့ အဆိပ်အမျိုးမျိုးတို့ ဖြစ်ပါတယ်။ ဒါ့အပြင် လူအများမဖြစ်မနေသုံးစွဲနေရတဲ့ ကုန်ပစ္စည်းတွေကို သိုလှောင်ဈေးကစားပြီး ရောင်းဝယ်ဖောက်ကားတဲ့အလုပ်မျိုးတွေကိုလည်း ကိုယ်ချင်းစာနာစိတ်နဲ့ ရှောင်ရှားသင့်ကြပါတယ်။

**မှားယွင်းတဲ့ အကုသိုလ်အကျိုးပေးတွေ**

မှန်တဲ့အလုပ်ဟာ ကုသိုလ်ဖြစ်သလို၊ မှားတဲ့အလုပ်ဟာ အကုသိုလ်ဖြစ်ပါတယ်။ မှားယွင်းတဲ့ အကုသိုလ်အကျိုးပေးတွေဟာ မျက်မှောက်ကာလမှာရော၊ သံသရာအထိပါ ခံစားရတတ်တာမို့ ဆင်ခြင်လုပ်ကိုင်သွားကြရပါမယ်။ အမှားပြုလုပ်ထားသူတွေဟာ ပြုလုပ်ထားတဲ့အလျောက် အဲဒီအကုသိုလ်ကံရင့်ကျက်လာပြီး ဆိုးပြစ်ကို ဖော်ထုတ်မပေးခင် အချိန်ပိုင်းမှာ ချမ်းသာသုခကို တွေ့မြင်ခံစားရပါသေးတယ်။ ဒါပေမဲ့ ဒုစရိုက်ကံရင့်ကျက်လာပြီး သတ္တိပြလာပြီဆိုရင်တော့ ဆိုးညစ်တဲ့ကံပိုင်ရှင်တွေဟာ ယုတ်မာဆိုးရွားတဲ့ ဆင်းရဲဒုက္ခတွေကို ခံစားရမှာ မလွဲကေန်ဖြစ်ပါတယ်။

အမှန်တွေ အမှားတွေဆိုတာ ကိုယ်တိုင်ပြုတဲ့ အလုပ်တွေရဲ့ရလဒ်ပါ။ ကိုယ်ပြုမိခဲ့တဲ့ အမှားကို မှားမှန်းသိရင် အမှန်တရားကို တူးဆွရယူနိုင်ပါတယ်။ အမှားပြင်ဖို့ခက်နေရင်တောင် နောက်ထပ်မမှားဖို့ ဆင်ခြင်နိုင်ပါတယ်။ နေ့စဉ်လုပ်ကိုင်နေကြတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံအလုပ်တွေတိုင်းကို မလုပ်ခင်မှာ အမှားနည်းအောင် လုပ်ကိုင်ကြရပါမယ်။ ကိုယ်လုပ်မယ့်အလုပ်တိုင်းမှာ မှန်သလား၊ မှားသလားဆိုတာ မလုပ်ခင်ကစဉ်းစား၊ လုပ်နေဆဲမှာလည်းစဉ်းစား၊ လုပ်ပြီးရင်လည်း စဉ်းစားလုပ်ကိုင်ကြရင် အကောင်းဆုံးဖြစ်ပါမယ်။ မရပ်မနားလည်ပတ်နေတဲ့ သံသရာခရီးမှာ လက်ရှိဘဝမှာရော တမလွန်ဘဝအထိပါ ကောင်းမွန်ဖို့ အမှားနည်းပြီး မွန်မြတ်တဲ့ အလုပ်တွေကိုသာ ရွေးချယ်လုပ်ကိုင်နိုင်ကြပါစေ။ လုပ်ရင်းကိုင်ရင်း အမှားဆိုတာတွေ ကြုံတွေ့လာမယ့် အမှားတွေကို မြင်အောင်ကြည့်၊ အမှန်အဖြစ် အမြန်ပြုပြင်ဆောင်ရွက်နိုင်ကြပါစေ။ ။

**ကိုးကား – ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊
(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင်ထားရှိပါ၊
(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊
(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊
(ခ) တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုကြပါ၊
(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့် အတူထားရှိပါ၊
(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊
(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊
(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊
(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊
(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်း ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများ အနီးသို့ မသွားပါနှင့်၊
(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊
(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊
(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြစ်ရေကြီးမှုအခြေအနေ

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲခန့် (၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ခြောက်ပေခန့် (၁၈၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ)အထက်သို့ လေးပေခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ)အထက်သို့ ၁၂ ပေခန့် (၃၆၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် မြင့်တက်လာနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

■ ကျောဖုံးမှ

ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဒေးဗစ်ထန်၊ ဇော်ဝင်းသိန်း၊ ရန်နိုင်ဦး၊ ကြည်လင်း၊ လှိုင်းဘိုဘိုတို့ဖြင့် ပွဲထွက်လာသလို၊ မဟာယူနိုက်တက်အသင်းကလည်း ကျော်စွာမင်း၊ မျိုးမင်းဖြိုး၊ မိုကာလူး၊ အောင်နိုင်ဝင်း၊ ပက်ထရစ်တို့ကို အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အသားပေးကစားသော်လည်း အဆုံးသတ်အားနည်းသဖြင့် ပထမပိုင်းတွင် ဂိုးမရဘဲ ၅၈ မိနစ်မှ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းရရှိသည့် ပင်နယ်တီကို တိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကျော်ဖြိုးဝေက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲကစား ၁၀ မှတ်၊ မဟာယူနိုက်တက်အသင်းက လေးပွဲကစား ခြောက်မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရှောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးကို ၂၅ မိနစ်တွင် ဟိန်းထက်ငြိမ်းက သွင်းယူခဲ့ပြီး ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရှောဝတီအသင်းမှာမူ လေးပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့ပြီး လေးပွဲကစားရာတွင် တစ်မှတ်သာရရှိသေးသည်။ အား/ကာသိပ္ပံအသင်းသည် လေးပွဲကစား ခြောက်မှတ်ရရှိထားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်း နောက်ခံလူ ဟိန်းထက်ငြိမ်းက ရရှိသည်။

ပွဲစဉ် (၃) တတိယနေ့ကို ဇူလိုင် ၂၈ ရက် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ GOLDEN CITY CONDOMINIUM၊ Level-12၊ အခန်းအမှတ် (B7-12-03)ဟုခေါ်တွင်သော (၁၂၉၁) စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိမိမော် ၁၃/လရန(နိုင်)၁၆၅၃၁၅ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန့်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃


# ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာများ စုပေါင်း၍ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူ

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာများစုပေါင်း၍ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရပ်တော်မူဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



အပါး ၃၀၀ ကြွရောက်တော်မူ

အဆိုပါ ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲသို့ ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၄၀ နှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်းအပါး ၃၀၀ ကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၊ မြေကွက်အမှတ်- ၉၉၆/က၊ မြေကွက်တည်နေရာအမှတ်- ၉၉၆/က၊ သီရိဇေယျာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်မြင့် [၉/မထလ(နိုင်)၀၆၇၄၈၀]၊ ဒေါ်စန်းမြင့် [၁၂/ကမတ(နိုင်)၀၄၀၀၁၃]၊ ဒေါ်ပို (CD-015773) အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ခင်မြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်ပိုတို့ (၃) ဦးအနက်မှ အမည်ပေါက် (၂) ဦးဖြစ်သူ အဒေါ်ဖြစ်သူ ဒေါ်ပိုနှင့် မိခင်ဖြစ်သူ ဒေါ်စန်းမြင့်တို့ ကွယ်လွန်သဖြင့် သင်္ဃန်းကျွန်းခရိုင်တရားရုံး အမွေထိန်းလက်မှတ်စာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၉၀) အရ တရားမအထွေထွေမှု အမှတ် (၂/၂၀၂၃) ဖြင့် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ (၂၁၈) အရ အမွေထိန်းစာထုတ်ပေးရန် လျှောက်ထားမှု၏ စီရင်ချက်၊ သင်္ဃန်းကျွန်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် (၄၂/၂၀၂၃) ၏ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၃၀၇ (၂) အရ စီမံခန့်ခွဲခွင့်အမိန့်တို့တင်ပြ၍ အမွေထိန်းစာလက်မှတ်ရရှိသူ ဦးကြည်သန်း [၁၂/ကမတ(နိုင်)၀၄၀၀၁၂] မှ ကိုယ်တိုင်နှင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြင့် ထံမှ SP ရယူ၍ တရားရုံးအမိန့် အထောက်အထားများ၊ ဂရန်၊ နိုင်/ကတ်များ၊ ပါဝါပေးသူ သက်ရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ SP စာချုပ်၊ ဝန်ဆောင်ခတို့တင်ပြ၍ (အရောင်း) မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ ဇောတိကလမ်း၊ မြေကွက်အမှတ်(၇၄၈)ဟု ခေါ်တွင်သော ဒေါ်ခင်မာလာ [၁၂/သဃက(နိုင်)၀၁၀၉၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်မည့် (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦ၏ ဆဋ္ဌမထပ်၊ (၇)လွှာ (တိုက်ကိုမျက်နှာမူလျှင်ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၇ပေx၄၉ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ တိုက်ခန်းပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်စွာထွန်း [၁၄/ဟသတ(နိုင်)၀၀၃၉၆၅]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းချသည့် တိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိခိုင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၅၅)**
**အမှတ်-၁၈၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၅၀၇၈၀**


★ **ကွမ်းခြံကုန်းမြို့နယ်မှ**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာနှင့် ညောင်နီကုန်းကျေးရွာတွင် လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသဖြင့် ကွမ်းခြံကုန်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ကော့မှူးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၃၄ လုံး ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၃၇ လုံး အမိုးလန်ပျက်စီးခဲ့ကာ လူနေအိမ်စုစုပေါင်း ၇၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး လေဘေးသင့်ပြည်သူ ၃၀၀ ကျော်ရှိကြောင်း အာယုပါလအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သူတို့ပြောပုံအရဆိုရင် ဖြစ်သွားတာက ၂ မိနစ်၊ ၃ မိနစ်လောက်ပဲရှိတယ်လို့ ဒေသခံတွေက ပြောတာ။ အဲဒီအချိန်အတွင်းမှာကို ဒီလိုဖြစ်သွားတာ။ အိမ်လုံးဝအပြိုက ၃၄၊ အမိုးအကာပျက်စီးတာ အိမ်ခြေ ၃၇လုံး ရှိခဲ့ပြီး လေဘေးသင့်ပြည်သူ ၃၀၀ ကျော်ရှိပါတယ်။ ပွန်းတာ၊ ပဲ့တာလောက်ပဲရှိကြတာတော့ရှိတယ်။ ကြီးကြီးမားမားထိခိုက်ဒဏ်ရာရတာတော့ မရှိပါဘူး။ ဌာနဆိုင်ရာတွေနဲ့ လူမှုရေးအဖွဲ့အစည်းတွေ ပူးပေါင်းပြီး လမ်းမှာပိတ်ဆို့နေတဲ့အပင်တွေကို ခုတ်ပြီးပါပြီ။ အိမ်ပေါ်ပိနေတာတွေကိုလည်း ရှင်းပေးပြီးသွားပြီ။ အိမ်ပြိုသွားပြီးတော့ နေစရာမရှိသူတွေကိုလည်း အုပ်ချုပ်ရေးအဖွဲ့အစည်း အစီအစဉ်နဲ့ ဘုန်းကြီးကျောင်းတစ်ခုထဲမှာ ယာယီကယ်ဆယ်ရေးစခန်းလေး လုပ်ပေးထားပါတယ်"ဟု ၎င်းက ဆိုသည်။

လေဘေးသင့်ပြည်သူများအတွက် အမိုးအကာ၊ တာပေါ်လင်အဝတ်အထည်များလိုအပ်နေရာ လေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးမှလူမှုကူညီရေးအသင်းများ အနေဖြင့် ကူညီရေးနှင့်စားသောက်ကုန်များ၊အဝတ်အထည်များ၊ မိုးကာများ စုပေါင်း သွားရောက်လှူဒါန်းရန် ပြင်ဆင်နေကြကြောင်း စုံစမ်းသိရသည်။

MT

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

တောင်ငူ ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

ထို့နောက် ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးဖြူဇင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်း(အမျိုးသား) နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် အသင်းများ၊ နောက်ခံလူအကောင်းဆုံး အားကစားသမားဆု၊ ညာအတွင်းလူအကောင်းဆုံး အားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး အားကစားသမားဆုနှင့် ညွှန်ကြားရေးမှူးချုပ်ဖလား ပိုက်ကျော်ခြင်း တံခွန်စိုက်ဆုရရှိသည့် မြောင်းမြအသင်းတို့ကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာ တို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စု တစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့်ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၃)လမ်းအမှတ်(၉)ရှိ မြေညီထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၂ ၁/၂ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် ရေမီးစုံအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးဇော်လင်း[၉/ရမသ(နိုင်)၀၈၆၂၃၅]မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၆၆)**
**အမှတ်(A–3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ 09–454153474**

## " နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း "

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွန်းဝင်း [၈/ရစက(နိုင်)၁၄၇၉၉၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ထွန်းဝင်းနှင့် ဒေါ်ခင်စိုးအေး [၈/ရစက(နိုင်)၂၂၂၁၀၉] တို့သည် (၂၆–၇–၂၀၂၄) ရက်စွဲဖြင့် နှစ်ဦးသဘောတူ အကြင် လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ကွာရှင်းပြီးဖြစ်သောကြောင့် နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းဝင်းနှင့် ဒေါ်ခင်စိုးအေးတို့သည် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ဒေါ်ခင်စိုးအေးနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊သာကေတမြို့နယ်။**
**Ph: 09–420010569**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့၊ တောင်ပိုင်းရပ်ကွက်၊ ဦးပုညလမ်းထိပ်၊ နန်းစံအိမ်သုံးထပ်တိုက်မှ အမွေပြတ်စွန့်လွှတ်ခြင်း။ ဦးစိုးကြည်(ကော့မှူးရဲစခန်း) ရဲတပ်ကြပ်ကြီး + ဒေါ်နန်း(ခ)ဒေါ်အေးအေးသိန်းတို့၏သမီးဖြစ်သူ ယမင်းရွှေစင်လှိုင်းနဒီယမုံရွှန်းလဲ့ဦး(ခ)မရွှန်းလဲ့ဦးသည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ၊ စိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ် ပြုလုပ်နေသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ သတင်းမေးခြင်း ၊ ဖုန်းဆက်မေးခြင်းသည်းခံပါ။

**ဦးစိုးကြည် + ဒေါ်အေးအေးသိန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(28E1)၊ မြေကွက်အမှတ်(၈၀အေ/၄)၊ ဧရိယာ(၀.၀၂၆)ဧကရှိ ဒေါ်အုန်းကျင်(ခ)ဒေါ်အုံးကျင်၊ ဒေါ်အေးမြင့်တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်အုန်းကျင်(ခ)ဒေါ်အုံးကျင်ပိုင်ဆိုင်သည့် တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(၁၁ ၁/၂ x၅၀)ပေရှိ မြေကွက်အစုနှင့် နေအိမ်အား ဒေါ်အုန်းကျင်(ခ)ဒေါ်အုံးကျင်ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့်သားများဖြစ်ကြသော ဦးသိန်းတိုး[၁၂/စခန(နိုင်)၀၂၂၁၃၀]၊ ဦးအေးနိုင်[၁၂/စခန(နိုင်)၀၂၂၁၂၇]၊ ဦးသာစိုး[၁၂/စခန(နိုင်)၀၂၂၁၉၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုသန္တာထွန်း LL.B,D.B.L**
**အထက်တန်းရှေ့နေ(စဉ်–၃၆၀၇၁)**
**အမှတ်(၁၀၈၅)၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၃၀၆၅၀၄၂**

## ဒေါ်နွေးဝါဝါဦး [၁၂/တမန(နိုင်)၁၁၅၅၈၆] (ဘ) ဦးအောင်ထွန်းဦးနှင့် အများသိစေရန်ကြေညာခြင်း

ဦးကောင်းဝဏ္ဏထက် [၁၂/လမန(နိုင်)၁၄၆၄၀၃]မှ ဒေါ်နွေးဝါဝါဦး အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တရားရုံးတော်၌ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုအဖြစ်စွဲဆိုခဲ့ရာ အမှုအမှတ်မှာ (၂၀၂၄)ခုနှစ်၊ တရားမကြီးမှုအမှတ် (၅)ဖြစ်ပါသည်။ ယင်းအမှုတွင် လှိုင်မြို့နယ် တရားရုံးတော်က (၂၇–၆–၂၀၂၄)ရက်နေ့တွင် ဦးကောင်းဝဏ္ဏထက် စွဲဆိုသည့်အတိုင်း **“တရားလို ဦးကောင်းဝဏ္ဏထက်သည် တရားပြိုင်ဒေါ်နွေးဝါဝါဦးနှင့် လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရထိုက်ကြောင်း”**စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်ဦးကောင်းဝဏ္ဏထက်နှင့် ဒေါ်နွေးဝါဝါဦးတို့သည် (၂၇–၆–၂၀၂၄)ရက်နေ့မှစ၍ လင်မယားအဖြစ်မှ လုံးဝ (လုံးဝ)ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ဒေါ်နွေးဝါဝါဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးကောင်းဝဏ္ဏထက်** | **ဦးဝင်းမောင် (LL.B)** |
| **[၁၂/လမန(နိုင်) ၁၄၆၄၀၃]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၄၇၅၄/၈၈)** |
| | **အမှတ်– ၆၂၊ ပထမထပ်၊ အခန်း (၁၄)၊** |
| | **ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ၀၉–၄၅၆၆၁၉၃၇၁** |

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ဖုန်း–၀၉–၅၁၄၇၃၈၂၊ ၀၁–၅၄၇၀၂၈

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက၊ ငါးမြင်းချောင်း(တူး)၊ ကျောင်းဝင်အမှတ်(၀၂၅၃)၊ Grade–12၊ Stams–1 မှ မရတနာမိုး၏ မိဘအမည်မှန်မှာ (ဘ)ဦးစလင်း[၁၄/မမန(နိုင်)၀၃၈၀၄၄](မိ)ဒေါ်ချိုကြီး[၁၄/မမန(နိုင်)၃၅၇၆၂၀] ဖြစ်ပါကြောင်း။

## အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၇–၇–၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ–၂၆ တွင် ပါရှိသည့် ဒေါ်ကြည်ပြာစမ်း တရားလွှတ်တော်ရှေ့နေမှ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်းတွင် မောင်ကောင်းမြတ်ဇော် အမည်အစား မောင်လွင်နိုင်ဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပထမနှစ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ ပထမနှစ် ဝင်ခွင့်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။
( ခ ) သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
( ဂ ) အနုပညာဝါသနာပါသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်) / (ပြု) /(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။ (မိတ္တူကိုတစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။)

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို ဦးစားပေးလျှောက်ထားနိုင်သည် –

| | အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|---|
| (က) | ဂီတပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| ( ခ ) | သဘင်ပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| ( ဂ ) | ပန်းချီပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) | ပန်းပုပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| ( င ) | ရုပ်ရှင်နှင့်ပြဇာတ် ပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့် ပြဇာတ်) |
| ( စ ) | ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှု) |

၃။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/စျ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၌ ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စပို့အရွယ် ဓာတ်ပုံ(၇)ပုံတို့နှင့် ပူးတွဲလျက်**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှ စတင်ဝယ်ယူလျှောက်ထားနိုင်ပြီး၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ ရုံးချိန်အတွင်း တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး **၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၉:၀၀ နာရီ၌ စွယ်တော်ဆောင်တွင် လူတွေ့စစ်ဆေး**သွားမည်ဖြစ်ပါသည်။

၅။ **အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သင်တန်းဝင်ခွင့်ရအောင်စာရင်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (သောကြာနေ့) တွင် စွယ်တော်ဆောင်ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာသွားမည် ဖြစ်ပြီး ပထမနှစ်သင်တန်းများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်၌ စတင်ဖွင့်လှစ်သင်ကြားသွားမည်**ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဌာနမှူး (သင်တန်းရေးရာ) ၀၉–၄၂၁၀၁၂၈၀၈ နှင့် မော်ကွန်းထိန်း ၀၉–၇၈၁၈၉၁၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**( စိုးစိုးနိုင် )**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## “Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း”

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနရှိ India–Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၂၇ နှင့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၃၀ တို့တွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်–

| စဉ် | သင်တန်း | သင်တန်းကာလ | သင်တန်းသား ဦးရေ | | သင်တန်းကြေး |
|---|---|---|---|---|---|
| | | | ပြင်ပ | ဝန်ထမ်း | |
| ၁။ | Professional Certificate in Network Development Course | ၁၂–၈–၂၀၂၄ မှ ၁၅–၁၀–၂၀၂၄ အထိ (၁၀ ပတ်) | ၁၅ | ၅ | ၁၅၀,၀၀၀ |
| ၂။ | Oracle Database 11g Course (SQL, PL/SQL and DBA) | ၁၂–၈–၂၀၂၄ မှ ၃၀–၈–၂၀၂၄ အထိ (၃ ပတ်) | ၁၅ | ၅ | ၁၀၀,၀၀၀ |
| ၃။ | Professional Certificate in Java Programming Course (J2SE) | ၉–၉–၂၀၂၄ မှ ၁–၁၁–၂၀၂၄ အထိ (၈ ပတ်) | ၂၀ | ၁၀ | ၁၀၀,၀၀၀ |

**မှတ်ချက်။** အမှတ်စဉ် (၁) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများနှင့် Networking အခြေခံရှိသူများဖြစ်ရမည်။
အမှတ်စဉ် (၂) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ Database အခြေခံရှိသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများဖြစ်ရမည်။
အမှတ်စဉ် (၃) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများနှင့် Programming အခြေခံရှိသူများဖြစ်ရမည်။

၂။ အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်–
(က) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများဖြစ်ရမည်။
(ခ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။ မှတ်ချက် – (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ တက္ကသိုလ်/ ကောလိပ်/ ကျောင်း/ ဌာနများမှ စာပိုဒ် (၁) ပါ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်၏ ဆက်စပ်ဘာသာရပ်ပို့ချ ဆရာ/ဆရာမများသည် ဌာန အကြီးအကဲ၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ဖြေဆိုရန် မလိုအပ်ပါ။)
(ဂ) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။
(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀)နာရီ အထိ အချိန်ပြည့် သင်တန်းများဖြစ်ပါသည်။

၄။ အမှတ်စဉ် (၁) နှင့် (၂) သင်တန်း လျှောက်ထားသူများသည် **၈–၈–၂၀၂၄** (ကြာသပတေးနေ့) တွင် ဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်ပြီး၊ အမှတ်စဉ် (၃) သင်တန်းလျှောက်ထားသူများသည် **၅–၉–၂၀၂၄** (ကြာသပတေးနေ့) တွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်ပါသည်။
အချိန် – နံနက် ၁၀:၀၀ နာရီ
နေရာ – သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်းမကြီး၊ လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

၅။ လျှောက်လွှာများကို သတင်းစာကြော်ငြာပါသည့် နေ့ရက်မှစတင်၍ သင်တန်းရေးရာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့ ဆက်သွယ်ဝယ်ယူနိုင်ရန်နှင့် အမှတ်စဉ် (၁) နှင့် (၂) သင်တန်းတို့အတွက် **၇–၈–၂၀၂၄** (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ သော်လည်းကောင်း၊ အမှတ်စဉ် (၃) သင်တန်းအတွက် **၄–၉–၂၀၂၄** (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ သော်လည်းကောင်း လျှောက်ထားနိုင်ရန်ဖြစ်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက email: **training.ictrc@gmail.com, researchict.edu@gmail.com** ပေးပို့ခြင်း နှင့် တယ်လီဖုန်း– ၀၁–၈၆၅၂၅၂၉၊ ၀၁–၈၆၅၂၅၄၂၊ ၀၉–၂၅၉၇၉၉၅၆၅၊ ၀၉–၉၇၁၃၄၈၇၈၅ သို့ ရုံးချိန်အတွင်း၌ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

## ‘ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း’

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အမှတ်(၉၀) နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်လတ်(၁၂/တမန(နိုင်)၀၉၇၁၁၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့ ၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အမှတ်(၉၀) နေ ဦးမျိုးဇော်လတ်(၁၂/တမန(နိုင်)၀၉၇၁၁၅) က CHINA METALLURGICAL CONSTRUCTION (GROUP) CORPORATION (YANGON BRANCH ) ကိုယ်စား DAW KYI KYI AYE မှရောင်းချသော TOYOTA LANCRUISER HD J100L License Plate Number - 9B/1198 ၊ TOYOTA LEXUS ES330 MCV S31L License Plate Number - 9B/1216 နှင့် TOYOTA LEXUS ES330 MCV S31L License Plate Number - 9B/1218 ဟုခေါ်တွင်သော မော်တော်ယာဉ် (၃)စီးအား ၂၀၂၄ခုနှစ်၊ ဇူလိုင်လ၊ (၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူမော်တော်ကားကြိုတင်စရံပေးကတိစာချုပ်ဖြင့် စရံငွေကျပ် တစ်စိတ်တစ်ဒေသ ပေးချေ၍ ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မော်တော်ကားအရောင်းအဝယ်ပြုခြင်းအပေါ် ကန့်ကွက်မည့်သူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါရက်အတွင်းကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အားပြီးဆုံးအောင်မြင် သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးမျိုးညွန့် LL.B, (Diploma in Buiness Law)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၂၄၂/၉၀)
ရုံး - အမှတ် (၆၀)၊ အခန်း (၁) ၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၂၀၀၉၆၀၉၀၊ ၀၉ ၇၉၂၂၅၂၁၅၀

## ဦးတင်ရွှေ
**(အငြိမ်းစားလေယာဉ်မှူးကြီး၊ မြန်မာ့လေကြောင်း)**
## အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အကွက်-၃၁/၆၈၊ စံပယ်လမ်း သွယ်နေ (ဦးဖိုးစ-ဒေါ်အုန်း)တို့၏သား၊ (ဒေါ်လှကြည်)၏ ခင်ပွန်း၊ ဒေါ်မေသင်းရွှေ-Dr.မျိုးထွန်း၊ ဒေါ်သန်းသန်းရွှေ၊ ဒေါ်ကြည်ကြည်ရွှေ၊ (ဦးစောလွင်ရွှေ)၊ ဦးပြည့်စုံရွှေတို့၏ ချစ်လှစွာသောဖခင်၊ မောင်သိန်းဇော်ဖြိုး-မတင်မျိုးဦး၊ မောင်ဆဏ်းမျိုးအောင်-မမွန်မွန်သက်ခင်တို့၏ အဘိုးသည် ၂၆-၇-၂၀၂၄(သောကြာနေ့) ည ၁၀:၄၅ နာရီတွင် ဘဝသစ်တစ်ခုသို့ ကူးပြောင်းသွားပြီး ၂၇-၇-၂၀၂၄ (စနေနေ့)တွင် ရွှေပြည်သာ၊ ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကပ် မည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြောက်ပိုင်းရပ်ကွက်၊ အောင်သပြေလမ်းမကြီးနှင့် အောင်သပြေ(၃)လမ်း(ထောင့်)ရှိ အမှတ်(၁)ဟုခေါ်တွင်သော( ၅၃ ပေx ၅၀ပေ)အကျယ်အဝန်းရှိသော မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားအကျိုးခံစားလျက်ရှိသူ ဦးစံထွေး [၁၂/မဂတ(နိုင်)၀၄၂၄၉၇] မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် (၅၃ ပေ x ၅၀ ပေ)အနက်မှ (၂၃ ပေ x ၅၀ ပေ)အကျယ်အဝန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်ထွန်း [၅/ရဘန(နိုင်)၁၃၁၈၇၈]မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဉ္ဇာဌေး** |
| **(LL.B, WIPO-Switzerland)** | **(LL.B, WIPO-Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၈)** |

**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၄၇၀၆၅၁၊ ၀၉-၄၄၄၄၆၄၄၅၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)ရပ်ကွက်၊ ငွေစင်လမ်း၊မြေကွက် အမှတ်(၈၄၉)ဟုခေါ်တွင်သော(အလျား ၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးထူးထူးအောင် [၇/ဒဥန(နိုင်)၀၉၆၅၅၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော၊ ခြေရင်းဘက်ခြမ်း၊ မြေကွက် အမှတ်(၈၅၁)နှင့်ကပ်လျက်ဘက်ခြမ်း၊(အလျား၂၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား သူဒေါ်မြင့်မြင့်မော် [၁၂/တမန (နိုင်)၁၀၀၉၀၉]မှ ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်စရန် ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၉

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | နှင့် | ၁။ ဒေါ်မြတ်ကလျာအောင် |
| | | ၂။ ဒေါ်မေသက်အောင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နဝဒေးအိမ်ရာ၊ အခန်း-၂၁၊ တိုက်-၂၀ နေ (၁)တရားပြိုင် ဒေါ်မြတ်ကလျာအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာလမ်း၊ တိုက်-(၃၃) ပထမထပ်နေ (၂)တရားပြိုင် ဒေါ်မေသက်အောင် (ယခုနေရပ်လိပ်စာများ) မသိ သိစေရမည်။**

သင့်အပေါ်၌ တရားလိုက "ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း၊ ၉ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## ဒေါ်ခင်ဆန်းမြင့်
## အသက်(၈၁)နှစ်

သန်လျင်မြို့နေ (ဦးမောင်သောင်း-ဒေါ်လှညွန့်)တို့၏ အငယ်ဆုံးသမီး၊ (ဒေါ်တင်ရွှေ)၊ (ဦးတင်ငွေ)၊ (ဒေါ်စန်းရီ)၊ (ဦးတင်နွဲ့) တို့၏ညီမ၊ [ဗိုလ်မှူး ဝင်းမြင့် (ငြိမ်း)၊ (တပ်မတော်လေ-OTS 33)]၏ ဇနီး၊ ဒေါက်တာသိင်္ဂီဝင်း[ဆေး(၁)]၊ ဦးအေးချမ်းကျော် - ဒေါ်သန္တာဝင်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဒေါက်တာပိုင်ဖြိုးကျော်-မစုစုစံ၊ မောင်သုတကျော်၊ မရတနာစံတို့၏ ချစ်လှစွာသောအဘွား၊ အမှတ်-၁၉၅/၁၊ ယင်းမာလမ်း၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ဆန်းမြင့် အသက်(၈၁)နှစ်သည် ၂၇-၇-၂၀၂၄ (စနေနေ့) နံနက် ၉:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၇-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးများကို အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၄(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိန်း (ဗဟန်း)
## အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ (ဦးဘစိုး-ဒေါ်သန်းမေ)တို့၏သမီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ တိုက်-၇၀/၁၊ သုံးလွှာ(A)နေ ဦးခင်မောင်ရီ-(ဒေါ်ခင်ခင်ဖြူ)တို့၏ အစ်မ၊ (၄၈)ခန်းတွဲ၊ အခန်း-၂၀(ရွှေတိဂုံအရှေ့ဘက်မုခ်ဝန်ထမ်းအိမ်ရာ)နေ ဦးကြည်ဆန်း(ဌာနစုမှူး)ရွှေနှင့်ရတနာဌာန-ဒေါ်မြတ်မြတ်သင်းတို့ ၏မိခင်၊ မောင်ဘုန်းသုခ၏အဘွား၊ ပြင်ဦးလွင်မြို့နေ ဦးအောင်ကျော်စိုး C/O SH Shipping Co.,Ltd. (KOREA)-ဒေါ်ခင်စန္ဒာထွန်းတို့၏မိခင်၊ မသုပြည့်စုံသာ၏အဘွား(ဦးလှမြင့်)မအူပင်၏ဇနီး ဒေါ်ခင်သိန်းသည် ၂၆-၇-၂၀၂၄(သောကြာနေ့) မွန်းလွဲ ၂:၁၀နာရီတွင် Grand Hanthar ဆေးရုံကြီး ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးညီအစ်ကိုမောင်နှမ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (ရွှေတိဂုံအရှေ့ဘက်မုခ် ဝန်ထမ်းအိမ်ရာ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၅၅)၊ တတိယထပ်(ဝဲ)ခန်း၊ အကျယ်အဝန်း (၁၃.၅ပေ x ၅၀ ပေ)နှင့် ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်မှုကိုအမွေဆိုင်များသိရှိရန် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

အထက်ရည်ညွှန်း လိပ်စာဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်သူက ဦးညိမ်းမောင် (ခ) ဟုတ်အင်[၁၂/လမတ(နိုင်)၀၁၅၆၅၉] က (၂၃-၆- ၁၉၉၅) ခုနှစ်တွင်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး မိဘလက်ဝယ် နေထိုင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။

(၂၁-၁၂-၂၀၂၃) နေ့တွင် ဖခင် ဦးညိမ်းမောင် (ခ) ဟုတ်အင်မှာ ကွယ်လွန်သွားပြီး ဇနီးဖြစ်သူ ဒေါ်ခင်မာအေး [၁၂/လမတ(နိုင်) ၀၁၅၆၆၁]နှင့် သားသမီးနှစ်ဦးက လက်ရှိနေထိုင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ် ပါသည်။ ယခုဒေါ်ခင်မာအေးက(သမီးဖြစ်သူ) ဒေါ်မြင့်မြင့်မော်[၁၂/လမတ(နိုင်) ၀၀၁၇၂၅] နှင့် (သားငယ်ဖြစ်သူ) ဦးကျော်တင့် [၁၂/လမတ(နိုင်)၁၃၀၀၅၀] အား အပြီးအပိုင်လွှဲပြောင်း ပေးကမ်းပြီးဖြစ်ပါ၍ ထိုတိုက်ခန်းကို ဒေါ်မြင့်မြင့်မော်နှင့် ဦးကျော်တင့်က မိမိစိတ်တိုင်းကျ ဆောင်ရွက်ခွင့်ရှိပြီး မည်သူတစ်ဦးတစ်ယောက်၏ ကန့်ကွက်ခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်းကို ပြုလုပ်ခွင့်မရှိဘဲလွှဲပြောင်း ရောင်းချ ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်မာအေး (မိခင်)** | **ဦးမျိုးချစ်( LL.B )** |
| **[၁၂/လမတ(နိုင်)၀၁၅၆၆၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၄၅)** |
| | **အမှတ်(၃၁)၊ မြေညီထပ်၊ ၉ - လမ်း၊** |
| | **၄ - ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

တွံတေးမြို့၊ ကွမ်းခြံရပ်ကွက်၊ ရွှေညောင်ပင်လမ်းနေ ဦးအေးမြင့် + ဒေါ်လှရီတို့၏သမီး မညိုညိုအောင် [၁၂/တတန (ပြု)၀၀၀၅၃၉]သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသည့် အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ဘဲ မိဘများ၏နေအိမ်ကို မညိုညိုအောင်၏ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး ပြဿနာလာရှာသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လှရီ** | **ဦးကြည်မြင့် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၇၀၃၀/၁၅-၅-၂၀၀၂)** |
| | **အောင်မင်္ဂလာလမ်း၊ကွမ်းခြံရပ်ကွက်** |
| | **တွံတေးမြို့။ ဖုန်း-၀၉-၄၂၀၁၃၇၁၃၁** |

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ချို [၈/မသန(နိုင်)၁၀၂၇၂၆] နှင့် ဦးအောင်မျိုးဦး [၅/အရတ(နိုင်)၁၂၀၂၀၉] တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သဖြင့် (၂၀-၄-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့မှောက်တွင် စုံညီလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ပါရန်နှင့် တစ်ဦးနှင့်တစ်ဦးသည်လည်း ပတ်သက်ဆက်နွယ်သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ချို၏လွှဲအပ်ချက်အရ**
**ဦးသန်းထိုက်အောင် ( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၆၃)**
**ရုံးခန်း - အမှတ်(၂၁၃)၊၃၆-လမ်း(အထက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၃၁၅၉၅၉၉၊ ၀၉-၂၅၁၀၂၂၁၄၂**

## ဦးတင်မြ
## အသက် (၁၀၀)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့၊ ကန်တော်လေးရပ်ကွက်နေ (ဦးဘ-ဒေါ်နန်းအေး) တို့၏ သား၊ (ဦးညွန့်-ဒေါ်ညိုအိ)တို့၏ မောင်၊ နေပြည်တော်လယ်ဝေးမြို့နယ် (ဦးတင်လှ-ဒေါ်ပို) တို့၏ ညီ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဘုရားကြီးတိုက်၊ ပင်းသာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁)ဝိုင်း၊ မဏိဇောတ မိုးကုတ်ဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်) တို့၏ ခမည်းတော်၊ ရန်အောင်မြို့၊ ကန်တော်လေး ရပ်ကွက်နေ ဦးလှထူး(လက်ထောက် - တိုင်းပညာရေးမှူး) စီမံ (ငြိမ်း) - ဒေါ်မြမြ (မြို့နယ်ပညာရေးမှူး) (ငြိမ်း)၊ ဦးမောင်မောင်ဝင်း - ဒေါ်ရည်ရည်မွန်၊ ဦးအောင်ဝင်းဆွေ-ကျောင်းအုပ်ဆရာကြီး(ငြိမ်း) - ဒေါ်ရီရီလွင်၊ ဦးမန်းရာပြည့်-ဒေါ်ဝင်းရွှေ၊ ဦးသိန်းဌေး-ဒေါ်ဝင်းနွယ်၊ ဒေါ်လှလှဌေး(သူနာပြုဆရာမကြီး၊ ငြိမ်း)၊ ဦးသိန်းထွန်း-ဒေါ်အေးအေးနွယ်(ရာပြည့် - ကားဂိတ်)၊ ဦးဇော်ဝင်း-ဒေါ်ခိုင်ခိုင်မော် တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မြေး (၁၃) ယောက်၊ မြစ်(၁၀)ယောက် တို့၏ အဘိုး၊ (ဒေါ်ဆယ်တင်)၏ ခင်ပွန်း သည် ၁၃၈၆ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၇)ရက်၊ (၂၇-၇-၂၀၂၄) စနေနေ့ နံနက်(၁၁:၀၀)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်ကို (၂၈-၇-၂၀၂၄)ရက် ညနေ(၄:၀၀)နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ တောင်ဥက္ကလာပမြို့နယ်၊ (၁)ဝိုင်း၊ မဏိဇောတကျောင်းမှ ကားများ မွန်းလွဲ (၂:၃၀) နာရီအချိန် ထွက်ခွာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးဌေးဝင်း(ငြိမ်း)
### နပခ(ဒုတိုင်းမှူး-ငြိမ်း)၊ မလေးရှားနိုင်ငံ(ကြည်း၊ ရေ၊ လေ)စစ်သံမှူးကြီး(ငြိမ်း)
## အသက်(၈၉)နှစ်

မြင်းခြံမြို့၊ ကိုးဆောင်မြောက်ဘက်နေ ဦးဘညွန့်-ဒေါ်ကြင်ထွေးတို့၏သားကြီး၊ ဦးကံဆယ်-ဒေါ်အေးတင်တို့၏ သားသမက်၊ ဒေါ်ယဉ်မြ၏ ချစ်လှစွာသော ခင်ပွန်း ဦးဝင်းလှိုင်ဌေး၏ မွေးသဖခင်ကျေးဇူးရှင် ဗိုလ်မှူးကြီးဌေးဝင်း(ငြိမ်း) အသက်(၈၉)နှစ် သည် ၂၇-၇-၂၀၂၄ ရက် နံနက် ၇:၂၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၄ (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြည်ထောင်စုလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီး အောင်ဇော်ဝင်း (ငြိမ်း)(တပ်မတော်ရေ)
**B.Sc(DSA), MA(Defence Studies)**
**စစ်တက္ကသိုလ်အပတ်စဉ်(၂၁)**
## အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ [ဦးကျော်ဝင်း(Registered Accountant)-ဒေါ်ခင်မြင့်(ခ)ဒေါ်မေစံဝင်း] တို့၏သား၊ [ဦးတင်လတ်(ကရင်ပြည်နယ်ဦးစီးမှူး(တရားရေးဌာန)-ဒေါ်ကြည်ကြည်ခင်]တို့၏ သားသမက်၊ ဒေါ်စံပယ်လတ် (နဒီလှိုင်း/ထက်ဝဠာဟိန်း ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး)၏ ချစ်လှစွာသော ခင်ပွန်း၊ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်မင်းထက်-ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုးနန္ဒာကျော်၊ ကိုကျော်ဇေလတ်တို့၏ဖခင်၊ (ဦးသိန်းအောင်ကျော်)၏ ညီ၊ ဦးအောင်သိုက်-ဒေါ်မိုးနှင်းဖြူ၊ Dr.ခင်မောင်ထွေး-Dr.မိုးနွယ်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၇-၇-၂၀၂၄(စနေနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉-၇-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၁:၄၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) "ငြိမ်းအေး" ဇရပ်တွင် တရားနာ၍ မင်္ဂလာဒုံစစ်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းအောင်
**LL.B (တရားလွှတ်တော်ရှေ့နေ)**
## အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်းမကြီးနှင့် နေမျိုးသူရလမ်းထောင့်၊ တိုက်အမှတ်(4C/D)၊ အခန်းအမှတ်(၄၀၄)နေ (ဦးရဲလှ)-ဒေါ်တင်တင်ဝင်းတို့၏သား၊ ဦးလှဝင်း-ဒေါ်ဝင်းကြည်တို့၏ သားသမက်၊ မသဇင်ထက်၊ မောင်အာကာထက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဝင်းသန္တာ၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းအောင် (တရားလွှတ်တော်ရှေ့နေ) သည် ၂၆-၇-၂၀၂၄ (သောကြာနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁-၈-၂၀၂၄ (ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...**

❖ **စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...**

❖ **စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ရည်မှန်းချက်သည် "ရွေးကောက်ပွဲ"ဖြစ်သည်**
ဆောင်းပါး
စာမျက်နှာ » ၆

**လောကနန္ဒာ၊ မြင်းကပါနှင့် ဖွားစောရွာများဆီသို့**
ဆောင်းပါး
စာမျက်နှာ » ၁၀

**၂၀၂၄ ခုနှစ် ပါရီအိုလံပစ် အားကစားပြိုင်ပွဲ စတင်ဖွင့်လှစ်**
စာမျက်နှာ » ၁၃





**၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၅




ကွမ်းခြံကုန်းမြို့နယ်၌ လေဆင်နှာမောင်းကြောင့် ထိခိုက်ပျက်စီးသွားသည့် နေအိမ်အချို့ကို တွေ့ရစဉ်။

## ကွမ်းခြံကုန်းမြို့နယ်၌ လေဆင်နှာမောင်းကြောင့် ထိခိုက်ပျက်စီးသည့် နေအိမ် ၇၀ ကျော်ရှိ လေဘေးသင့်ပြည်သူများကို ဌာနဆိုင်ရာများနှင့်လူမှုကူညီရေးအဖွဲ့များ ပူးပေါင်းကူညီလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာနှင့် ညောင်နီကုန်းကျေးရွာတွင် ဇူလိုင် ၂၆ ရက် နံနက်အစောပိုင်းက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၇၀ ကျော် ထိခိုက်ပျက်စီးပြီး လေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအဖွဲ့များပူးပေါင်း၍ ကူညီပေးမှုများဆောင်ရွက်ပေးနေကြောင်း လူမှုကူညီရေးအဖွဲ့များထံက သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ★

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ရှမ်း၊ ရန်ကုန်နှင့် ဟံသာဝတီအသင်း အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၂၇

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ပထမနေ့နှင့် ဒုတိယနေ့ကို ဇူလိုင် ၂၆ ရက်၊ ၂၇ ရက်က ကျင်းပရာ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻




ရှမ်းယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဇူလိုင် ၂၇

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ဒုတိယနေ့ကို ဇူလိုင် ၂၇ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲ ပြန်လည်ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့် ပင်နယ်တီဂိုးဖြင့် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနိုင်ပွဲကြောင့် လက်ရှိချန်ပီယံ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ■



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။